# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ လစ်လပ်နေသော အထက်တန်းအဆင့် ဘာသာပြဆရာဆရာမများကို အချိန်မီခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် လိုအပ်လျက်ရှိသော စာသင်ဆောင် အသစ်(၁)ဆောင် ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံ ပြည့်မီအောင် ဝန်ထမ်းများခန့်ထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | သံဖြူဇရပ်မြို့နယ်အတွင်းရှိ စခန်းကြီးကျေးရွာ မူလတန်းလွန်ကျောင်း အရှေ့မျက်နှာစာ၌ ပိတ်ကာ နေသော ကျေးလက်ဆေးပေးခန်းကို ရွာတောင်ဘက်ခြမ်းသို့ ရွှေ့ပြောင်းရေးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်အခြေခံပညာ အထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာအား မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၉ | ထန်တလန်မြို့နယ်ရှိ ပညာရေးမှူးရုံးအား (၁၀၀ ပေ x ၃၀ ပေ x ၂၄ ပေ) သွပ်မိုး RCC နှစ်ထပ်အသစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး အ.ထ.က(ခွဲ) ခနောင်ချောင်းဝအား အ.ထ.က ကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၁ | ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းရှိ | ၁၈ |

ရပ်ရွာလူထုအခြေပြု ခရီးသွား လုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့ သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ် ပွဲတော် များနှင့် ခရီးသွားလာရေးအထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန် သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၂၄-၇-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးစိုင်းဆမ်၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ လစ်လပ်နေသော အထက်တန်းအဆင့် ဘာသာပြ ဆရာ၊ ဆရာမများကို အချိန်မီခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် လိုအပ်လျက် ရှိသော စာသင်ဆောင်အသစ် (၁)ဆောင် ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံပြည့်မီအောင် ဝန်ထမ်းများ ခန့်ထားပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်အတွင်းရှိ စခန်းကြီးကျေးရွာ မူလတန်းလွန်ကျောင်း အရှေ့မျက်နှာစာ၌ ပိတ်ကာနေသော ကျေးလက်ဆေးပေးခန်းကို ရွာတောင်ဘက်ခြမ်းသို့ ရွှေ့ပြောင်းရေးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ ပါလောပါကယ် ကျေးရွာအုပ်စု၊ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နီနီရွှေလျန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့နယ်ရှိ ပညာရေးမှူးရုံးအား (၁၀၀'x ၃၀'x၂၄') သွပ်မိုး RCC နှစ်ထပ် အသစ်ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ရန်ပုံငွေ ခွဲဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး အ.ထ.က(ခွဲ) ခနောင်ချောင်းဝကျောင်းအား အ.ထ.ကကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း အပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့် မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ် ပွဲတော်များနှင့် ခရီးသွားလာရေး**

**အထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွား အစီအမံများဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”**

အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

( ခ ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

( ဂ ) ဦးစိုးပိုင်ဌေး၊ မြိတ် မဲဆန္ဒနယ်၊

(ဃ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

( င ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

( စ ) ဗိုလ်မှူးသိန်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

( ဇ ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ဈ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ည) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၊

( ဋ ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၊

( ဌ ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၃ ရက်၊
(၂) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁ ရက်၊
(၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၅) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၃ ရက်၊
(၆) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊
(၇) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၃ ရက်၊
(၈) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၃ ရက်၊
(၉) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၁၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊
(၁၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၁၂) သံလျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊
(၁၃) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၃ ရက်နှင့်
(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

## မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ လစ်လပ်နေသော အထက်တန်းအဆင့်ဘာသာပြဆရာဆရာမများကို အချိန်မီခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်တွင် အရေးကြီးလိုအပ်နေတဲ့ အထက်တန်းပြဆရာဆရာမနဲ့ပတ်သက်၍ မေးခွန်းများ မေးမြန်းခွင့်ပြုရန် ခွင့်တောင်းအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်တွင် စာသင်ကျောင်းများဖွင့်လှစ်ပေးသော်လည်း စာသင်ကျောင်းအသီးသီးတွင် သင်ကြားမှုလုပ်ငန်းများ နိုးကြားတက်ကြွစွာဆောင်ရွက်လျက်ရှိပါတယ်။ သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းနှစ်ခုလုံး အောင်မြင်နိုင်ရန်အတွက် သင်ကြားသူ၊ သင်ယူသူ၊ အဆောက်အဦများလိုအပ်လျက်ရှိပါတယ်။ တစ်ခုခုချို့ယွင်းချက်၊ အားနည်းချက်ရှိခဲ့ရင် ကျွန်တော်တို့ အောင်မြင်မှုရရှိမည်မဟုတ်ပါ။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်တွင် ပြီးခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်မြင်မှုအားနည်းခဲ့ပါတယ်။ ယခုလက်ရှိအချိန်ထိ စာသင်ကျောင်းများဖွင့်လှစ်ပြီးသော်လည်း အထက်တန်းပြဆရာဆရာမနှစ်ဦးနှင့် တာဝန်ခွဲဝေပြီး သင်ကြားနေရပါတယ်။ ဒီလိုမျိုးပုံစံသင်ကြားနေမယ်ဆိုရင် လာမယ့်နှစ်တွင် အောင်ချက်ကောင်းမွန်မည်မဟုတ်ပါ။

ငွေကြေးတတ်နိုင်သောမိဘများအနေနဲ့ မိမိသားသမီးများကို မြို့ကြီးမှာပို့ဆောင်ပညာသင်ကြားနိုင်သော်လည်း ဆင်းရဲနွမ်းပါးသူသားသမီးတွေအနေနဲ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပညာသင်ကြားနေရပါတယ်။ ဒီလိုကွာဟချက်မျိုးမဖြစ်ရလေအောင် နိုင်ငံတော်အစိုးရအနေနဲ့ စီမံညွှန်ကြားကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့မဲဆန္ဒနယ်အတွင်းရှိ ကလေးများအထက်တန်းပညာ တန်းတူညီမျှသင်ကြားခွင့်ရရှိရေးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းတွင် လစ်လပ်နေသောအထက်တန်းပြဆရာဆရာမနဲ့ပတ်သက်၍ အချိန်မီခန့်ပေးနိုင်ရေးအတွက် သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ်၊ မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဆမ်၏ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ လစ်လပ်နေသော အထက်တန်းအဆင့်သင် ဘာသာပြဆရာဆရာမများကို အချိန်မီခန့်ထားမည့်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်မှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၁၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၈ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းလေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၁ ကျောင်းဖွင့်လှစ်ထားရှိပါတယ်။ သို့သော်လည်း လက်ရှိအားဖြင့်အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းလေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း ၁၉ ကျောင်းသာ ဖွင့်လှစ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်ကျောင်း ၂၂ ကျောင်းကတော့ ဒေသတွင်းအခြေအနေများအရ ယာယီပိတ်ထားခဲ့ရပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်တွင် လက်ရှိဖွင့်လှစ်နေသောကျောင်းများရှိ ကျောင်းသားစာရင်းနှင့် ဆရာအင်အားမှာ အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၈၈ ဦး၊ အလယ်တန်းအဆင့်သင်ကျောင်းသား ၃၃၂ ဦး၊ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၂၉၄ ဦးရှိပါ

ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိမှာ သင်ကြားရေးအဆင်ပြေစေရန်အတွက် မိုင်းယန်းမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူးတစ်ဦး၊ ကျောင်းအုပ်ကြီးနှင့် အလယ်တန်းပြဆရာဆရာမ လေးဦးတို့ကို ထပ်မံဖြည့်ဆည်း သင်ကြားဆောင်ရွက်စေခဲ့ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ အထက်တန်းပြ ဆရာဆရာမများ ခန့်ထားပေးရန်အတွက် လာမည့်ပညာသင်နှစ် ဆရာဆရာမများအပြောင်းအရွှေ့ ရာထူးတိုးများခန့်ထားဆောင်ရွက်ချိန်မှာ ဆန္ဒပြုလျှောက်ထားသူများအနက်မှ သင်ကြားမယ့်ဘာသာရပ် ကိုက်ညီသူများအား လုပ်သက်တမ်းဆရာမှုဘောင်အရ ဖြည့်ဆည်းခန့်ထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားသွားတာလည်း ကျွန်တော်တို့အားလုံး သိပြီးသားပါ။ ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့က ကျောင်းဆိုတာက အထက်တန်းပြဆိုတာ ခန့်ထားတာရှစ်ယောက်ရှိပါတယ်။ နှစ်ယောက်ဆိုတာ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ ဒုတိယဝန်ကြီးတို့ စဉ်းစားပါ။ ဒါပေမဲ့ ကျွန်တော်တို့က ဘာဖြစ်လဲဆိုတာ ပညာသင်နှစ်ဆိုတာ ဆရာဆရာမလုံလုံ လောက်လောက်ရှိမှ အောင်မြင်မှုရရှိလာမှာပါ။ တကယ်လို့ ကျွန်တော်တို့က ဒီတိုင်းသာသွားမယ်ဆိုရင် ပြောလိုက်ရင်တော့ တောင်ပေါ်သားအနေနဲ့ ခွဲခြားမှုအနေနဲ့လုပ်တာလားဆိုတာ ကျွန်တော်တို့က ပြောချင်ပါတယ်။ ဒါကြောင့် ခန့်ထားဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မဲဆန္ဒနယ်က အရေးတကြီးလိုအပ်နေတဲ့ကိစ္စကို ဒုတိယဝန်ကြီးအနေနဲ့ စဉ်းစားဆောင်ရွက်ပေးပါလို့ ကျွန်တော်ပြောကြားလိုပါတယ်။ ဘာဖြစ်လဲဆိုတော့ လွှတ်တော်မှာ ပညာရေးကော်မတီ၊ ကော်မရှင် နဲ့လည်းရှင်းပြပြီးပြီ။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနနဲ့လည်း ရှင်းပြပြီးပြီ။ ဒါပေမဲ့ တိုးတက်မှုတော့ ရှိတယ်။ ရှိပေမဲ့ ကျွန်တော်တို့ဟာ ဒီလိုလစ်ဟာမှုကို ပညာရေးဌာနကနေတစ်ဆင့် စီစဉ်ဆောင်ရွက် သော်လည်း ခန့်ထားမှုဘယ်လိုလုပ်သလဲဆိုတာ ထပ်ဆင့်မေးခွန်းအနေဖြင့် မေးခွင့်ပြုပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးမှ ထပ်မံပြီး တင်ပြပါမယ်။ ဝန်ကြီးက လိုအပ်နေတဲ့ ကျောင်းဆရာဆရာမများကို အချိန်မီခန့်ထားပေးမယ်၊ စေလွှတ်ပေးမယ်လို့ ပြောကြားသွားတာကို ကြားသိရပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ကျတော့ အဲဒီမေးခွန်းနဲ့ပတ်သက်ပြီးမှ ဆက်စပ်မေးခွန်း မေးမြန်းခြင်းမရှိဘဲနဲ့ ဒါထပ်လောင်းပြီးမှ ထပ်ဆင့်မေးခွန်းမေးမြန်းတာဖြစ်တဲ့ အတွက် ဝန်ကြီးအနေနဲ့ ဖြေကြားစရာမလိုပါဘူး။

**စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် လိုအပ်လျက်ရှိသော စာသင်ဆောင် အသစ်(၁)ဆောင် ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံ ပြည့်မီအောင် ဝန်ထမ်းများခန့်ထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်း

များစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်မှာ လိုအပ်လျက်ရှိတဲ့ စာသင်ဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံပြည့်မီအောင် ဝန်ထမ်းများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ စဉ့်ကိုင်မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မုန်ပင်ကို ၁၉၃၆ ခုနှစ်မှစပြီးတော့ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီးတော့ နှစ်ပေါင်း ၈၀ အကြာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းဝန်းဧရိယာမှာ ၃.၆၈ ဧက ကျယ်ဝန်းပြီးတော့ အိမ်ခြေ ၈၀၀ ခန့်ရှိသော မုန်ပင်ကျေးရွာမှာ တည်ရှိပါတယ်။ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် မူလတန်းကျောင်းသား ၃၃၁ ဦး၊ အလယ်တန်းကျောင်းသား ၂၄၄ ဦးနှင့် အထက်တန်းကျောင်းသား ၃၉ ဦးစသည်ဖြင့် ကျောင်းသားဦးရေစုစုပေါင်း ၆၄၁ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ထို့ပြင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်ဟာ အနီးပတ်ဝန်းကျင်မှ မိုးကောင်း အ.လ.က(ခွဲ)၊ ကန်ကြီးမူလတန်းကျောင်း(လွန်)နဲ့ ရွာသစ်မူလတန်းကျောင်းတို့မှာ ကျောင်းသားကျောင်းသူများအတွက် အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မှီခိုအားထားနေရသောကျောင်းတစ်ကျောင်းဖြစ်တဲ့အတွက် နှစ်စဉ်ကျောင်းသားဦးရေမှာ တိုးတက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင့်။ ဒီလိုနှစ်စဉ်ကျောင်းသားဦးရေ တိုးတက်လာနေပေမဲ့လည်း အခြေခံပညာကျောင်း(ခွဲ) မုန်ပင်တွင် စာသင်ဆောင်များအနေဖြင့် အုတ်ညှပ်၊ သွပ်မိုး သုံးဆောင်တွဲ၊ သွပ်မိုး၊ ထရံကာ ယာယီဆောင်များသာ ရှိပါတယ်။ ၎င်းအုတ်ညှပ်၊ သွပ်မိုး၊ စာသင်ဆောင်သုံးခုအနက် စာသင်ဆောင်တစ်ခုကိုသာ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးထားကြောင်း သိရှိရပါတယ်။ ၂၀၀၉ ခုနှစ်က ကျပ်သိန်း ၉၀ အကုန်အကျခံကာ ဆောက်လုပ်ပေးထားတာဖြစ်ပြီးတော့ လတ်တလောမှာတော့ အဲဒီကျောင်းအတွက် တစ်ခုတည်းသော ကောင်းမွန်းသေးတဲ့ စာသင်ဆောင်တစ်ခုအဖြစ် တည်ရှိနေပါတယ်။ ကျန်အုတ်ညှပ်၊ သွပ်မိုး စာသင်ဆောင်နှစ်ခုကတော့ ရပ်ရွာမှာ လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ယခုအခါ ရပ်ရွာမှလှူဒါန်းထားသော ၎င်းအုတ်ညှပ်၊ သွပ်မိုးစာသင်ဆောင်နှစ်ခုမှာလည်း ဟောင်းနွမ်းပျက်စီးနေပြီးတော့ ကျောင်းသူကျောင်းသားများ၊ ကလေးများအတွက် အန္တရာယ်ရှိသော အနေအထားသို့ရောက်ရှိနေပြီဖြစ်ပါတယ်။ ၎င်းအပြင် ရပ်ရွာမှလှူဒါန်းထားသော သွပ်မိုး၊ ထရံကာ၊ ယာယီဆောင်များမှာလည်း လွန်စွာဟောင်းနွမ်းပျက်စီးလျက်ရှိပါတယ်။ ကျောင်းသူကျောင်းများမှာ ထိုဟောင်းနွမ်းပျက်စီး၍ အန္တရာယ်မကင်းလှသော စာသင်ဆောင်များတွင် ပြွတ်သိပ်ကြပ်ညှပ်၍ ဆင်းရဲချို့တဲ့စွာဖြင့် ပညာသင်ယူနေရသည်ကို မြင်တွေ့ခဲ့ရပါတယ်။ ကျောင်းအဆင့်အရလည်းကောင်း၊ ကျောင်းသားဦးရေအရလည်းကောင်း၊ စာသင်ဆောင်လိုအပ်မှုများရှိနေပါတယ်။ ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက်ပင် ကျောင်းသူကျောင်းသားများ အေးချမ်းလုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် အခက်အခဲဖြစ်နိုင်သည့်အခြေအနေများကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် စာသင်ဆောင်အသစ်တစ်ခု အမှန်တကယ်အရေးတကြီးလိုအပ်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် ဝန်ထမ်းအင်အားအနေဖြင့် အလယ်တန်းပြ၊ အထက်တန်းပြ၊ မူလတန်းပြဆရာဆရာမများနှင့် စာရေး၊ ရုံးအကူ၊ ညစောင့်၊ သန့်ရှင်းရေး စသည့် ရာထူးနေရာများတွင် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ၃၁ ဦးရှိရမည်ဖြစ်သော်လည်း ၂၄ သာရှိသဖြင့် ရာထူးခုနစ်နေရာ လစ်လပ်လျက်ရှိပါတယ်။ ယခု မေးခွန်းစတင်တင်စဉ်ကာလက မူလတန်းပြ လေးဦးသာရှိသော်လည်း မကြာသေးမီက သုံးဦးထပ်မံဖြည့်တင်းခဲ့ခြင်းကြောင့် မူလတန်းကလေးများအတွက် အတန်အသင့်အဆင်ပြေသွားသော်လည်း အလယ်တန်းပြနှစ်ဦးမှာ ထပ်မံပြောင်းရွှေ့သွားကြောင်း သိရှိရပါတယ်။ ထို့ကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်ရှိ အလယ်တန်းကျောင်းသားကျောင်းသူများအတွက် အဆင်ပြေချောမွေ့စေရန် အလယ်တန်းပြများပြန်လည်ဖြည့်တင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ထို့အပြင် စာရေး၊ ရုံးအကူ၊ သန့်ရှင်းရေးနှင့် ညစောင့် စသည့် ရာထူးနေရာများ လစ်လပ်နေသဖြင့် ရုံးလုပ်ငန်းများ ကျောင်းသန့်ရှင်းရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အဆင်ပြေချောမွေ့ခြင်းမရှိဘဲ အခက်အခဲများကြုံတွေ့နေရတဲ့အတွက် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ဒေသခံကျောင်းသားမိဘများက ၎င်းလစ်လပ်ရာထူးနေရာများကို ဖြည့်ဆည်းခန့်ထားပေးပါရန် လိုလားတောင့်တနေကြပါတယ်။ သို့ဖြစ်ပါ၍ စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် အမှန်တကယ်အရေးတကြီးလိုအပ်နေသော စာသင်ဆောင်အသစ်တစ်ဆောင်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း၊ ယခု လတ်တလောအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများ အေးချမ်းလုံခြုံစွာပညာသင်ယူနိုင်ရေး မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် ဖွဲ့စည်းပုံပြည့်မီအောင် ဝန်ထမ်းများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဒေါ်ကြည်မို့မို့လွင်ရဲ့ စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မုန်ပင်တွင် လိုအပ်လျက်ရှိသော စာသင်ဆောင်အသစ်တစ်ဆောင်ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ဖွဲ့စည်းပုံပြည့်မီအောင် ဝန်ထမ်းများခန့်ထားပေးပါရန် အစီအစဉ်ရှိ/မရှိဆိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအုပ်ကြီးတစ်ဦး၊ အထက်တန်းပြခုနစ်ဦး၊ အလယ်တန်းပြကိုးဦး၊ မူလတန်းပြရှစ်ဦး၊ ဝန်ထမ်းအင်အားစုစုပေါင်း ၂၅ ဦးရှိပြီး လစ်လပ်ရာထူးအနေနဲ့ အလယ်တန်းပြ၊ ကာယ၊ စာရေး(၁)၊ ရုံးအကူ၊ သန့်ရှင်းရေး၊ ကျောင်းစောင့်နေရာများ လစ်လပ်လျက်ရှိပါတယ်။ အဆိုပါကျောင်းမှာ အထက်တန်းပြနှင့် အလယ်တန်းပြအင်အားလစ်လပ်မှု

မရှိဘဲ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၁-၆-၂၀၁၈ ရက်နေ့မှာ မူလတန်းပြသုံးဦးအား ထပ်မံဖြည့်ဆည်းခန့်ထားပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းတည်ဆောက်ရေးလျာထားချက်များ ဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန်လိုအပ်သော အခြေခံပညာအထက်တန်းကျောင်းများ၊ ရုံးများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ အစရှိသဖြင့် လုပ်ငန်းများခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဘတ်ဂျက် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက် ငွေလုံးငွေရင်း လျာထားချက်မှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် စဉ့်ကိုင်မြို့နယ်အတွင်း အခြေခံပညာကျောင်း ဆောင် တည်ဆောက်ရေးလုပ်ငန်း ၁၅ ခုအား လျာထားပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ခြောက်လတာ ဘတ်ဂျက်တွင် လုပ်ငန်းတန်ဖိုး ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း၊ အချိန်အားဖြင့် သော်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်အားဖြင့်သော်လည်းကောင်း၊ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ၂၅ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း စသဖြင့် လျာထားပါတယ်။ အခု လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ ဘတ်ဂျက်မှာတော့ ဒီလုပ်ငန်းများကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် မုန်ပင်ကျေးရွာ အခြေခံပညာအကထတန်းကျောင်း(ခွဲ) တွင် လက်ရှိအားဖြင့် ၈၀ ပေ x ၂၀ ပေ သွပ်မိုးတစ်ဆောင်၊ အုပ်ညှပ်တစ်ဆောင် ၃၀ ပေ x ၂၀ ပေ သွပ်မိုး၊ ထရံကာတစ်ထပ်ဆောင်တစ်ဆောင်၊ ၆၃ ပေ x ၂၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ၃၆ ပေ x ၂၀ ပေ သွပ်မိုး၊ ထရံကာတစ်ဆောင်၊ ၉၀ ပေ x ၂၄ ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင်၊ ၃၀ ပေ x ၂၀ ပေ သွပ်မိုး၊ ထရံကာတစ်ထပ်ဆောင်တစ်ဆောင်၊ ၃၀ ပေ x ၂၀ ပေ RC တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်းစာသင်ဆောင်ခုနစ်ဆောင် အသုံးပြုသင်ကြားလျက် ရှိကြောင်း တွေ့ရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မုန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ပေ ၁၄၀ x ပေ ၃၀ တစ်ထပ်ဆောင်အသစ်ဆောက်လုပ်ပေးရန် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရရှိမှ သာ ခွဲဝေရရှိမှုနှင့် ရန်ပုံငွေအခြေအနေအပေါ်မူတည်ပြီး ဦးစားပေးအဆင့် လျာထားဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ဖြည့်စွက်တင်ပြလိုတာကတော့ ကျွန်တော်တို့ တည်ဆောက် ရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခြောက်လဘဏ္ဍာရေးကာလအတွင်း လျာထားခဲ့ပါ တယ်။ လျာထားတဲ့နေရာမှာ အစောပိုင်းက ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ဘတ်ဂျက်ရရှိမှု၊ နောက်တစ်ခါ ဘတ်ဂျက်ကာလတိုတောင်းမှုကြောင့် ရာနှုန်းပြည့်အောင် လျာထားခြင်းမရှိပါဘူး။ ၅၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်း စသဖြင့် ရာနှုန်းအလိုက် လျာထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလို လျာထားဆောင်ရွက်ရာမှာ အခု ခြောက်လဘတ်ဂျက်ကာလအတွင်း ကျွန်တော်တို့ ဝန်ထမ်းများ လစာ တိုးပေးခြင်းအစီအစဉ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလစာတိုးပေးခြင်းအစီအစဉ်ဆောင်ရွက်ရာမှာ

ဒီဖြည့်စွက်ရန်ပုံငွေ ကျွန်တော်တို့ တင်ပြတောင်းခံခြင်းမရှိဘဲနဲ့ ဆောင်ရွက်လက်စလုပ်ငန်းများကို ရာခိုင်နှုန်းလျှော့တဲ့လုပ်ငန်းများ၊ ခေတ္တဆိုင်းထားတဲ့လုပ်ငန်းများ စသဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ လစာ တိုးခြင်းအားဖြင့် ကျွန်တော်တို့မှာ ဘီလီယံ ၁၀၀ လောက်လိုငွေရှိပါတယ်။ အထူးတင်ပြလိုတာကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လဘတ်ဂျက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခြောက်လ ဘတ်ဂျက်အတွင်း လျာထားတဲ့လုပ်ငန်းများကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်မယ့် ရန်ပုံငွေများ ဖြစ်ပါတယ်။ ထိုနည်းတူစွာ ဘတ်ဂျက်လစာအတွက် ဆောင်ရွက်မှုအရ ခေတ္တဆိုင်းထားတဲ့လုပ်ငန်းများ ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လဘတ်ဂျက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခြောက်လဘတ်ဂျက်မှာ ပါရှိတဲ့လုပ်ငန်းများကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန်သာ စီစဉ်ထားတဲ့ အတွက် လုပ်ငန်းသစ်များတိုးချဲ့နိုင်ရန် အခြေအနေနည်းပါးပါကြောင်းနှင့် လုပ်ငန်းသစ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှသာ လျာထားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်အတွင်းရှိ စခန်းကြီးကျေးရွာ မူလတန်းလွန်ကျောင်း အရှေ့မျက်နှာစာ၌ ပိတ်ကာ နေသော ကျေးလက်ဆေးပေးခန်းကို ရွာတောင်ဘက်ခြမ်းသို့ ရွှေ့ပြောင်းရေးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ အခု ကျွန်တော် မေးတဲ့မေးခွန်းကတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ စခန်းကြီးကျေးရွာမူလတန်းလွန် ကျောင်း အခုတော့ အလယ်တန်းကျောင်း(ခွဲ)ဖြစ်နေပါပြီ။ မြေဧရိယာကို စံညွှန်းနှင့်အညီ ချဲ့ထွင်နိုင်ရန် အရှေ့မျက်နှာစာ၌ ပိတ်ကာနေသော ကျေးလက်ဆေးပေးခန်းကို သူကအရှေ့မျက်နှာစာမဟုတ်ပါဘူး။ ဘေးမျက်နှာစာ ဘောလုံးကွင်းပဲ ဖြစ်ပါတယ်။ မျက်နှာစာတော့ မျက်နှာစာပဲဖြစ်ပါတယ်။ ကင်းလွတ်ရာ ရွာမြေတောင်ဘက်အခြမ်းသို့ ရွှေ့ပြောင်းရေးကို ပညာရေးနှင့်ကျန်းမာရေး ပြည်ထောင်စုဝန်ကြီး နှစ်ဌာနပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ခြင်းရှိ/မရှိကို မဲဆန္ဒရှင်များရဲ့ကိုယ်စား သက်ဆိုင်ရာသို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါကြောင်းဖြစ်ပါတယ်။

ဒီကျောင်းလေးဟာ သံဖြူဇရပ်-ရေး ပြည်ထောင်စုလမ်းမကြီးဘေးမှာရှိပါတယ်။ ကျောင်းမြေ အကျယ် ၀.၂၂ ဧကပဲရှိပြီးတော့ မျက်နှာ၀ ၁၀၆ ပေ၊ အရှည် ၁၅၇ ပေသာရှိပါတယ်။ အရှေ့ဘက်မှာ ပြည်ထောင်စုလမ်း၊ အနောက်ဘက်မှာရော်ဘာခြံ၊ မြောက်ဘက်မှာလူနေအိမ်ခြေနဲ့တောင်ဘက်မှာ ဆေးပေးခန်းဖြစ်ပါတယ်။ ဆေးပေးခန်းနှင့်တစ်ဆက်တည်းမှာလည်း ရွာပိုင်မြေဘောလုံးကွင်းရှိပါ တယ်။ ကျောင်းသား ၂၁၆ ဦးရှိပြီးတော့ သတ္တမတန်းအထိရှိပါတယ်။ ပေ ၃၀ x ပေ ၆၀ ကျောင်းဆောင် မြေစိုက်နှစ်ဆောင်ပဲရှိပါတယ်။ ကျောင်းမြေထပ်ချဲ့ဖို့ရန်မှာ ဆေးခန်းဘက်ပဲ ကျန်ရှိပါတော့တယ်။ တကယ်တော့ ဆေးပေးခန်းဧရိယာ ၀.၁၆ ဧကကို ကျောင်းပိုင်မြေပြုပြီးတော့ ဆေးပေးခန်းကို

ဘောလုံးကွင်းရဲ့ တောင်ဘက်ကိုရွှေ့လို့ရပါတယ်။ မြေတွေရှိပါတယ်။ သို့သော် ဒါဟာမြို့နယ်အဆင့် အရာရှိတွေနဲ့ ဆောင်ရွက်ပေးလို့မရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဆိုင်ရာအထက်ဝန်ကြီးဌာနကို အစီရင်ခံတင်ပြကြသလားဆိုတော့ ဒါလည်းမလုပ်ကြတဲ့အခြေအနေကြောင့် ကျွန်တော့်ဆီကို ရွာမိဘ များက လာရောက်အကူအညီတောင်းခြင်း ဖြစ်ပါတယ်။ ဒီကျောင်းကလေးဟာဆိုရင် ကျွန်တော်တို့ တစ်ချိန်က လုံခြုံရေးမကောင်းတဲ့ကာလမှာ ၁၉၆၈ ခုနှစ်လောက်ကတည်းက အစိုးရရဲ့ ပံ့ပိုးငွေ ၄၀၀၀၀၊ ရွာလူထုက ထည့်ဝင်ငွေ ၂၀၀၀၀ နဲ့ အဆောင်သစ်ကိုဆောက်လှူခဲ့တာ တွေ့ရပါတယ်။ ဟောင်းနေပါပြီ။ နှစ် ၅၀ လောက်ရှိပါပြီ။ အခု အဆောင်သစ်ကို အစိုးရ တကယ်တော့ Wall Me မှာပါပါတယ်။ ၈၂ သိန်း။ ရွာလူထု ၃၄ သိန်းနဲ့ ထပ်ဆောက်ထားပါတယ်။ အချောမသတ်ရသေးပါဘူး။ ဘတ်ဂျက်တောင်းပြီး ကျောင်းဆောက်ဖို့အတွက်ကို ဟောင်းနွမ်းနေတဲ့အဆောင်ဖျက်ပြီးတော့မှ ပြန်ဆောက်ဖို့မြေက မရှိပါဘူး။ ဒါ ဝန်ထမ်းအိမ်ရာအတွက်လည်း လိုနေတဲ့အခြေအနေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရွာလူထုနဲ့ အစိုးရနှင့်ပူးပေါင်းပါဝင်ပေးမှုကိုတော့ ကျွန်တော်တို့တကယ် လေးစားလောက်ပါတယ်။ ကျွန်တော်တို့ အစိုးရပိုင် ဝန်ကြီးဌာနဝန်ထမ်းတွေကို လူထုမျက်နှာမူပြီးတော့ ပေါင်းစပ်ညှိနှိုင်းတဲ့ ယဉ်ကျေးမှုပေါ်ပေါက်စေချင်တာ။ ကျွန်တော့်စေတနာပါ။ တကယ်တော့ ဒီကိစ္စ မျိုးဟာ ထွေ/အုပ်ရယ်၊ မြေစာရင်းရယ်၊ ကျန်းမာရေးနှင့် ပညာရေး လေးဌာန ဦးစီးမှူးများ ပေါင်းစပ် တွေ့ဆုံကြပြီးတော့မှ အထက်ဝန်ကြီးဌာနကို အစီရင်ခံရုံနဲ့လုံလောက်တယ်လို့ ကျွန်တော်ယူဆပါတယ်။ တစ်ချိန်က လူနေမှု သိပ်အောက်ကျ၊ နောက်ကျခဲ့ရတဲ့ ရွာကလေးလည်းဖြစ်ပါတယ်။ သို့သော် သူတို့ ကလေးတွေရဲ့ပညာရေးကို တန်ဖိုးထားတတ်တဲ့၊ အမျှော်အမြင်ကြီးတဲ့အတွက်ကြောင့် အခုဆို ဘွဲ့ရ လူငယ်လေးတွေတောင် ပေါ်နေပါပြီ။ နောက် ဒီမကြာမီမှာ အလယ်တန်းကျောင်းအဆင့်ကို တိုးမြှင့် ပေးသင့်တဲ့အခြေအနေဖြစ်တဲ့အတွက် ဘောလုံးကွင်းရဲ့မျက်နှာစာ တောင်ဘက်ကို ရွာဆေးပေးခန်း လေးကိုရွှေ့၊ မူလဆေးပေးခန်းနေရာကို ကျောင်းမြေအဖြစ် ချဲ့ထားဖို့လိုအပ်လျက်ရှိပါတယ်။ လူထု ဝန်မပိဖို့ အလားတူကိစ္စရပ်မျိုးတွေကို ဝန်ကြီးဌာနချင်းပေါင်းစပ်ဖြေရှင်းပေးတဲ့ အုပ်ချုပ်ရေး ယဉ်ကျေးမှုဓလေ့စနစ်တစ်ခုကို ဖော်ဆောင်ဖို့လိုနေပြီလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလျက်နိဂုံးချုပ် အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်ဟိန်း ၏မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွင်းရှိ စခန်းကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း မြေဧရိယာကို စံချိန်စံညွှန်းနှင့်အညီ ချဲ့ထွင်နိုင်ရန် အရှေ့မျက်နှာစာ၌ ပိတ်ကာ နေသော ကျေးလက်ဆေးပေးခန်းကို ကင်းလွတ်ရာ ရွာ၏တောင်ဘက်ခြမ်းသို့ ပြောင်းရွှေ့ပေးရေးကို ပညာရေးနှင့် ကျန်းမာရေး ပြည်ထောင်စုဝန်ကြီးနှစ်ဌာနမှ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျောင်းမှာ ကျောင်းပိုင်မြေဧရိယာ ၀.၂၂ ဧကရှိပြီး ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ဆောင်၊ ၆၀ ပေ x ၃၀ ပေ RC တစ်ထပ်ဆောင်တစ်ဆောင်၊ ယာယီဆောင် ၄၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပလတ်စတစ်ကာတစ်ဆောင် စုစုပေါင်း စာသင်ဆောင်သုံးဆောင်နှင့် သင်ကြားလျက်ရှိပါတယ်။ ကျောင်းသူကျောင်းသားဦးရေအနေနဲ့ မူအဆင့်သင် ကျောင်းသားကျောင်းသူ ၁၄၂ ဦး၊ လယ်အဆင့်သင်ကျောင်းသား ၇၄ ဦး စုစုပေါင်း ၂၁၆ ဦးရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ကျောင်းရဲ့မြေဧရိယာသည် အမှန်ပင်တိုးချဲ့ရန် လိုအပ်လျက်ရှိသော နေရာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ကျေးလက်ဆေးပေးခန်းသည် အဆိုပါကျောင်း၏ ကျောင်းရှေ့မျက်နှာစာမြောက်ဘက်တွင်မရှိဘဲ ကျောင်း၏အရှေ့ဘက်တွင် ကပ်လျက်တည်ရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဆေးပေးခန်းပြောင်းရွှေ့ရန် လျာထားတဲ့နေရာသည် မြေလွတ်၊ မြေရိုင်းအဆင့်ပဲ ရှိပါသေးတယ်။ ဌာနဆိုင်ရာအဆောက်အဦဆောက်လုပ်မှုပိုင်းအတွက် ဘတ်ဂျက်ထည့်လို့ရတဲ့နေရာမဟုတ်သေးပါဘူး။ ဒီဟာကို မြေယာပိုင်ဆိုင်မှုအတွက်ဆက်လက်ဆောင်ရွက်ဖို့ရှိပါကြောင်း ပြန်လည်ညှိနှိုင်းလာပါတယ်။ ဒီကျေးရွာပြည်သူလူထုအတွက်ပညာရေးသည်အရေးကြီးသလို ကျန်းမာရေးသည်လည်း အင်မတန်အရေးကြီးတဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် ဒါကိုဂရုပြုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းသွားဖို့လိုပါတယ်။ ဒီကျန်းမာရေးဆေးပေးခန်းပြောင်းရွှေ့တဲ့မြေနေရာ တရားဝင်ရရှိရေး ဘတ်ဂျက်သတ်မှတ်နိုင်တဲ့အဆင့်ရောက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့စသည်တို့နှင့်ညှိနှိုင်းပြီးတော့ မြေပိုင်ဆိုင်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အဆောက်အဦပြောင်းရွှေ့ဆောက်လုပ်မှုအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားပေးတဲ့အတွက်ကို အထူးအထူးပဲ ကျေးဇူးတင်ရပါတယ်။ သို့သော်လည်းပဲ ကျေးလက်ဆေးပေးခန်းကိုရွှေ့ပေးဖို့အတွက်သည် မြေလွတ်၊ မြေလပ်အဆင့်မှာပဲ ရှိနေတဲ့အတွက်ကြောင့် ပုံစံ ၁၀၅ ကျဖို့လိုအပ်တယ်လို့ သိရှိရပါတယ်။ အဲဒီပုံစံ ၁၀၅ ကျဖို့အတွက်ကိုရော၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိတဲ့မြေစာရင်းကို ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်းပေးပြီးခြင်းရှိ/မရှိကိုလည်း ကျွန်တော်သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ကိစ္စကို ဝန်ကြီးဌာနက ဖြေကြားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနဖြေကြားတဲ့အချိန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး

ဆောင်ရွက်သွားပါမယ်ဆိုပြီးမှ ဖြေကြားသွားပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ထပ်ပြီးမှ မေးမြန်းစရာ မလိုဘူးလို့ ယူဆရပါတယ်။

**ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဆီဆိုင်မြို့နယ်မှာဆိုရင် ပအိုဝ်းတိုင်းရင်းသား ၇၀ ရာခိုင်နှုန်းခန့်နှင့် ရှမ်း၊ ဗမာ၊ ကယန်း၊ အင်းသားနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ စုစုပေါင်း ၁၅၀၀၀၀ ခန့် စုပေါင်းနေထိုင်လျက်ရှိကြပါတယ်။ အဲဒီဘက်မှာ ကျွန်တော်တို့ အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်း၊ အ.ထ.က(ခွဲ) ခုနစ်ကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းအပါအဝင် စုစုပေါင်းကျောင်းပေါင်း ၂၂၀ ဖွင့်လှစ်ပြီးတော့ ပညာသင်ကြားလျက်ရှိကြပါတယ်။ စာသင်ကျောင်းများရှိရာ ကျေးရွာအများစုဟာဆိုရင် သားသမီးများရဲ့ပညာရေးကို အလေးထားဦးစားပေးလို့ အများစုဖြစ်သော ကျောင်းဆောင်များ၊ ဆရာဆရာမနေအိမ်များနှင့် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ကြပြီးတော့ အခြားကျောင်းလိုအပ်ချက်များအပြင် ဆရာဆရာမများ အတွက် သွားရေးလာရေးနှင့် အခြားပံ့ပိုးမှုများကို ယခင် ၁၀ စုနှစ်များစွာကတည်းက ကူညီပံ့ပိုးပေးခဲ့ကြပြီးတော့ ယခုထိတိုင်လည်း လိုအပ်သလို အခက်အခဲများကြားမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်မေးမြန်းတင်ပြထားတဲ့ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းဟာဆိုရင် ၁၉၉၅-၁၉၉၆ ပညာသင်နှစ်မှာ စတင်ပြီးတော့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နဲ့ ကျောင်းသား ၆၀၀ ကျော်ဖြင့် စတင်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း ၁၅၁ ဦးနှင့် ကျောင်းသူကျောင်းသားပေါင်း ၁၄၃၆ ဦး ပညာသင်ကြားလျက်ရှိပြီး ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူ ၁၈၀ ဦးအပါအဝင် အထက်တန်းအဆင့် ၃၄၁ ဦး စုစုပေါင်းကျောင်းသား ၁၆၅၁ ဦး တိုးတက်များပြားလျက်ရှိပါတယ်။ ဆရာဆရာမအင်အားအနေနဲ့အထက်တန်းပြငါးဦး၊ ကာယတစ်ဦး၊ အလယ်တန်းပြ ၁၁ ဦး၊ မူ/လယ်ဆင့် လေးဦး၊ မူလတန်းပြ ၁၁ ဦးနှင့် အခြားအဆင့် ခြောက်ဦး စုစုပေါင်း ၃၉ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အဲဒီဆိုက်ခေါင်အထက်တန်းကျောင်းမှာဆိုရင် စုစုပေါင်းစာသင်ဆောင် ခြောက်ဆောင်ရှိပြီးတော့ ၁၉၉၆-၁၉၉၇ ခုနှစ်မှာ နိုင်ငံတော်မှ ပေ ၁၂၀ နံရံကပ်အုတ်ညှပ်တစ်ဆောင်၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ပေ ၁၄၀ နံထပ် RC နှစ်ဆောင်ချထားဆောက်လုပ်ပေးခဲ့ပြီးတော့ ပြည်သူလူထုမှ ပေ ၁၅၀ နှစ်ထပ်အုတ်ညှပ်တစ်ဆောင်၊ ပေ ၂၂၀ မူလအုတ်ညှပ်တစ်ဆောင်၊ ပေ ၁၂၀ အုတ်ညှပ်တစ်ဆောင်၊ ပေ ၆၀ အုတ်ညှပ်တစ်ဆောင်

အပြင် လက်ရှိဆရာဆရာမ ၃၉ ဦး နေထိုင်လျက်ရှိတဲ့ စုစုပေါင်းဝန်ထမ်းအိမ်ရာ ခုနစ်လုံးသည်လည်း မိဘပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ကြပါတယ်။ ထို့အပြင် ၁၀ ဧကခွဲခန့် ကျယ်ဝန်းတဲ့ ကျောင်းဝန်း လေးဘက်လေးတန် တံတိုင်းကာရံခြင်းကိုလည်း အလှူရှင်မိဘများက ဝိုင်းဝန်းကူညီလှူဒါန်းပေးခဲ့ကြပါတယ်။ ဝန်ထမ်းအိမ်ရာရှစ်လုံးတွင် ကျောင်းအုပ်နေအိမ်အား ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်မှ သွပ်မိုး၊ ပျဉ်ကာဖြင့် ဆောက်လုပ်ပေးခဲ့ပြီးတော့ ကျောင်းအုပ်အိမ်အခန်းတစ်ခန်း ထပ်မံတိုးချဲ့ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ မီးရိုက်ခြင်းများကိုလည်း ဒေသခံများက ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ကျန်ရှိတဲ့ဆရာဆရာမများ ဝန်ထမ်းနေထိုင်ရာ အိမ်ရာခြောက်လုံးသည်လည်း ၁၉၉၃ ခုနှစ်ဝန်းကျင်ကတည်းက ဒေသမှာရှိတဲ့ သစ်၊ ဝါး၊ ပျဉ်ကာများနှင့် ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံမှုမရှိတော့ဘဲ ပြိုလုပျက်ကျမတတ်အခြေအနေများ အချို့ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်း၌ အရေးတကြီးလိုအပ်လျက်ရှိတဲ့ ဆရာဆရာမများ ဝန်ထမ်းအိမ်ရာအား သင့်တော်သောအိမ်ရာအစီအစဉ်ဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲဆက်လက်ပြီး ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်သန်းထူး၏မေးခွန်းဖြစ်သော ပအိုဝ်းအုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်း၌ အရေးတကြီးလိုအပ်လျက်ရှိသော ဆရာဆရာမ၊ ဝန်ထမ်းအိမ်ရာများ သင့်လျော်သောအိမ်ရာအစီအစဉ်ဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်အခြေခံအထက်တန်းကျောင်းမှာ စာသင်ဆောင်အားဖြင့် ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ခြောက်ဆောင်တည်ဆောက်ပြီး ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူဦးရေအနေနဲ့ မူလတန်းအဆင့်သင်ကျောင်းသား ၆၆၅ ဦး၊ အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၄၇၂ ဦး၊ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၃၀၂ ဦးစုစုပေါင်း ၁၄၉၃ ဦးရှိပါကြောင်းနှင့် အဆိုပါကျောင်းတွင် အထက်တန်းကျောင်းအုပ်တစ်ဦး၊ အထက်တန်းပြခြောက်ဦး၊ အလယ်တန်းပြ ၁၄ ဦး၊ မူလတန်းပြ ၁၂ ဦး၊ ဝန်ထမ်းငါးဦး စုစုပေါင်း ၃၈ ဦးရှိပြီး ရပ်ဝေးကလာအမှုထမ်းတာ ၂၉ ဦး ရှိပါတယ်။ ဒေသခံဝန်ထမ်းကိုးဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ရပ်ဝေးမှလာသော ဝန်ထမ်း ၂၉ ဦးအတွက် ဝန်ထမ်းအိမ်ရာများအဖြစ် ၂၀ ပေ x ၁၆ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ ၃၂ ပေ x ၁၈ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ ၅၀ ပေ x ၂၂ ပေ သွပ်မိုး၊ အုတ်ညှပ်၊

ပျဉ်ကာဆောင်တစ်ဆောင်၊ ၂၀ ပေ x ၁၄ ပေ သွပ်မိုး ထရံကာတစ်ထပ်ဆောင်တစ်ဆောင်၊ ၃၀ ပေ x ၁၆ ပေ သွပ်မိုး ပျဉ်ကာတစ်ထပ်ဆောင် တစ်ဆောင်၊ ၅၀ ပေ x ၂၂ ပေ ထရံကာတစ်ထပ်ဆောင် တစ်ဆောင်၊ ၆၇ ပေ x ၂၈ ပေ သွပ်မိုးပျဉ်ကာတစ်ဆောင်၊ ၄၀ ပေ x ၁၆ ပေ သွပ်မိုးပျဉ်ကာ တစ်ထပ်ဆောင် စုစုပေါင်းဝန်ထမ်းအိမ်ရာရှစ်ဆောင် ဖြည့်ဆည်းပေးပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော ဆီဆိုင်မြို့နယ်အတွင်းမှာ အခုလာမယ့် ဘတ်ဂျက်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဆောက်အဦဆောက်လုပ်မှုလုပ်ငန်းက ၁၉ ခု လျာထားသတ်မှတ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျွန်တော် စောစောကတင်ပြသလိုပဲ ဦးစားပေး အစီအစဉ်တွေ သတ်မှတ်တဲ့နေရာမှာ စာသင်ဆောင်ဦးစားပေးဖြစ်ပါတယ်။ ကျောင်းသားဦးရေ တိုးလာလို့ တိုးချဲ့တာ ဦးစားပေးဖြစ်ပါတယ်။ ဒီလိုပဲ အန္တရာယ်ရှိလို့ပြန်ဆောက်ရတာ ဦးစားပေး ဖြစ်ပါတယ်။ ဆက်စပ်သိပ္ပံဆောင်၊ စာကြည့်တိုက်ဆောင်များ ဦးစားပေးဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာ များကတော့ ဘတ်ဂျက်အခြေအနေ ခွင့်ပြုရင်ခွင့်ပြုသလို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ် ၁၂ လဘတ်ဂျက်မှာတော့ စောစောက ကျွန်တော်တင်ပြသလိုပဲ ခြောက်လ ဘတ်ဂျက်မှာဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို ပြီးပြတ်အောင်သာလျာထားခြင်းဖြစ်သည့်အတွက် ဝန်ထမ်းအိမ်ရာဖြည့်ဆည်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်မှ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ထန်တလန်မြို့နယ်ရှိ ပညာရေးမှူးရုံးအား (၁၀၀ ပေ x ၃၀ ပေ x ၂၄ ပေ) သွပ်မိုး RCC နှစ်ထပ်အသစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်း ချင်တဲ့မေးခွန်းကတော့ ထန်တလန်မြို့နယ်ပညာရေးမှူးရုံးအဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်း အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်း စုစုပေါင်း ၁၁၃ ကျောင်းကို နိုင်ငံတော် အစိုးရမှ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၎င်းကျောင်းများကို စီမံအုပ်ချုပ်သည့် ထန်တလန်မြို့နယ် ပညာရေးမှူးရုံးသည် ၁၉၈၄-၁၉၈၅ ဘဏ္ဍာရေးနှစ်တွင် အ.ထ.က(၁)ထန်တလန်သိပ္ပံခန်းအမည်ဖြင့် အဆောက်အဦ ၃၀ ပေ x ၃၀ ပေ x ၁၂ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အတွက် ရန်ပုံငွေ ၁၇၅၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦတိုးချဲ့ ၃၀ ပေ x ၃၀ ပေ x ၁၂ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အတွက် ရန်ပုံငွေကျပ်နှစ်သိန်းဖြင့် ဆောက်လုပ်ပေးခဲ့ပါတယ်။ ၎င်း အဆောက်အဦတွင် ဝန်ထမ်း ၂၈ ဦးဖြင့် ရုံးတက်ရာတွင် နေရာထိုင်ခင်းကျဉ်းကြပ်လျက်ရှိကြောင်း

တွေ့ရှိခဲ့ရပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံအရ ၅၄ ဦးခန့်ထားမည်ဖြစ်ပါက အခက်အခဲပိုမိုကြုံတွေ့လာမည် ဖြစ်ပါတယ်။ ထို့အပြင် နယ်ကျောင်းအုပ်များ အစည်းအဝေးခေါ်ရာတွင် နေရာထိုင်ခင်းမရှိခြင်း၊ ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာများ ခေတ္တထားရှိရန်နေရာမရှိခြင်းကြောင့် အဆောင်သစ် ဆောက်လုပ်ပေးရန် အထူးလိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ပညာရေး မှူးရုံးသည် မြို့နယ်ရုံးအင်္ဂါရပ်နှင့်အညီ ၁၀၀ ပေ x ၃၀ ပေ x ၂၄ ပေ သွပ်မိုး၊ RCC နှစ်ထပ်အသစ် ဆောက်လုပ်ပေးပါရန်အတွက် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်မှစ၍ ဆောက်လုပ် ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နီရွှေလျန်း၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ပညာရေးမှူးရုံးအား ၁၀၀ ပေ x ၃၀ ပေ x ၂၄ ပေ သွပ်မိုး၊ RCC နှစ်ထပ်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေသတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်း ပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ကျွန်တော် ရှေ့မေးခွန်းများတွင် တင်ပြထားသကဲ့သို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းလျာထားချက်ဟာ အဓိကအားဖြင့် ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သော ကျောင်းများ၊ ကျောင်းဆောင်သစ်တိုးချဲ့ရန်လိုအပ်သော ကျောင်းများ၊ အသစ်တည်ဆောက်ရန် လိုအပ် သောကျောင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များအတွက် အစားထိုးရန်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သော ကျောင်းများ စသဖြင့် လုပ်ငန်းသဘာဝခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း(တည်ဆောက်ရေး)လျာထားချက်အရ အခြေခံပညာကျောင်း ဆောင်တည်ဆောက်ရေးလုပ်ငန်းပေါင်း ၁၃ ခုကို လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီ တင်ပြပါ မြို့နယ်ပညာရေးမှူးရုံးအသစ်ဆောက်လုပ်ခြင်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကျမှသာ အဆိုပါဘဏ္ဍာရေး နှစ်၏ ငွေလုံးငွေရင်းရရှိမှုရန်ပုံငွေအခြေအနေအပေါ် မူတည်ပြီး ဆောင်ရွက်လျာထားပေးမည် ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး အ.ထ.က(ခွဲ) ခနောင်ချောင်းဝအား အ.ထ.ကကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တစ်ဖက်ကမ်းမှာရှိတဲ့ မြစ်တစ်စင်းခြားဒေသ ဒလမြို့နယ်ရဲ့ ဖွံ့ဖြိုးမှုနိမ့်ကျလှတဲ့ ချောင်းဝကျေးရွာရဲ့ အ.ထ.က(ခွဲ)ကို အ.ထ.ကအဖြစ်သို့ တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ အ.ထ.ကအဖြစ်တိုးမြှင့်ရန် ခနောင်ချောင်းဝ မဲဆန္ဒရှင်များက နှစ်စဉ်တင်ပြခဲ့ကြပါတယ်။ နှစ်စဉ်လည်း ပယ်ချခံခဲ့ရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ဒလမြို့နယ်မှ အ.ထ.က(ခွဲ)လေးကျောင်းဟာ အ.ထ.ကအဖြစ် တိုးမြှင့်ရန်တင်ပြခဲ့ရာမှ ခနောင်ချောင်းဝ၊ သပြေကုန်း၊ ရခိုင်ချောင်ရှိ အ.ထ.က(ခွဲ)သုံးခုဟာ ပယ်ချခံခဲ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခနောင်ချောင်းဝကျေးရွာရဲ့ တည်နေပုံကိုပြောပြရရင် ခနောင်ချောင်းဝကျေးရွာဟာ ခနောင်ရှမ်းစု၊ ခနောင်မီးကြိတ်စက်၊ ခနောင်ခနိတော၊ ခနောင်တောထဲကန်၊ ခနောင်ရွာမ၊ ခနောင်အထက်စတဲ့ ခနောင်ကျေးရွာခုနစ်ရွာထဲမှာ အပါအဝင်ဖြစ်ပြီး တစ်ဖက်မှာ လယ်ကွင်းပြင်များအလယ်၊ တစ်ဖက်မှာ ရန်ကုန်မြစ်ကမ်းပါးမှာ တည်ရှိတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ဒလမြို့ ဒါမှမဟုတ် အနီးဆုံး အ.ထ.ကနဲ့ ခုနစ်မိုင်လောက်ဝေးပြီး လယ်ယာလုပ်သားများ၊ ရေလုပ်သားများ စုဝေးနေထိုင်ရာ ဝင်ငွေနည်းပါးမိသားစုများနေထိုင်ရာ ရွာကြီးဖြစ်ပါတယ်။ ရွာနဲ့ ရွာအနီးပတ်ဝန်းကျင် ခနောင်ရွာများမှ ကျောင်းသူကျောင်းသားများဟာ မြို့ပေါ်ရှိ အ.ထ.ကကျောင်းသို့ တက်ရောက်ပညာသင်ရန် ခက်ခဲလှသူများဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အ.ထ.က(ခွဲ)ရဲ့ စာသင်ကျောင်းဆောင်များမှာ ရွာလူထုရဲ့ညီညွတ်မှု၊ ထောက်ပံ့မှု၊ ပညာရေးကို စိတ်ဝင်စားမှုကြောင့် သောက်သုံးရေပြည့်စုံမှု၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media ခန်းများ၊ သိပ္ပံပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများနှင့် ပြည့်စုံနေတဲ့ ကျောင်းသားဦးရေ ၇၀၀ ကျော် တက်ရောက်ပညာသင်ကြားနေတဲ့ အ.ထ.က(ခွဲ)ကျောင်းကြီးဖြစ်ပါတယ်။ အဲဒီကျောင်းမှာ အလယ်တန်းရဲ့တန်းဆုံး အဋ္ဌမတန်းမှာ နှစ်စဉ် ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရှိနေတဲ့ အ.ထ.က(ခွဲ) ကျောင်းကြီးလည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ အ.ထ.ကအဖြစ်သို့ တရားဝင်တိုးမြှင့်ခွင့်မရသေးတဲ့အတွက် ကျောင်းသားဦးရေ ၇၀ ကျော်ခန့်ဟာ လုပ်အားပေးဆရာဆရာမများနှင့် စာသင်ကြားနေရဆဲ အခက်အခဲများဖြစ်ပေါ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခနောင်ကျေးရွာများနှင့် ခနောင်ချောင်းဝရှိ အများစုသော အခြေခံပညာအထက်တန်းကျောင်းသားကျောင်းသူများဟာ ခနောင်ချောင်းဝ အ.ထ.က(ခွဲ)မှ အ.ထ.ကအဖြစ်သို့ တိုးမြှင့်ခြင်းမခံရသေးတဲ့အတွက် အတန်းတင်စာမေးပွဲဖြေချိန်မှာလည်း ရွာရှိ အ.ထ.ကမှာဖြေခွင့်မရဘဲ မြို့ပေါ်သို့သွားရောက်ဖြေဆိုနေရတာလည်း နှစ်ချီနေပြီဖြစ်ပါတယ်။

ဒါ့အပြင် NLD အစိုးရလက်ထက်မှာ ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်လာတဲ့အတွက် ခနောင်ချောင်း၀ အ.ထ.က(ခွဲ)မှာ ပညာသင်ယူဖို့ ရွာအနီးနားပတ်ဝန်းကျင်မှ တိုးတက်များလာမယ့် ကျောင်းသားကျောင်းသူများကိုလည်း အ.ထ.က(ခွဲ)ကျောင်းက မျှော်မှန်းလို့ရနေပြီဖြစ်ပါတယ်။ အ.ထ.က မဖြစ်သေးတဲ့အတွက် ယခုအချိန်မှာ အ.ထ.က အဖြစ်သို့ မလွဲမသွေတိုးမြှင့်ပေးရန် သင့်လျော်တဲ့အချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခနောင်ကျေးရွာ အ.ထ.က(ခွဲ) အား အ.ထ.က အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်နှင့် မရှိပါကလည်း ဘယ်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုတဲ့အတွက် မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာစိန်မြအေး၏မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ခနောင်ချောင်း၀ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုခြင်းမေးခွန်းနဲ့စပ်လျဉ်းလို့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ တစ်ပြည်လုံး စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၆၃၈၆ ကျောင်း၊ သက်ဆိုင်ရာကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်မှာ အခြေခံပညာမူလတန်းလွန်ကျောင်းလေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း လေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်းကိုးကျောင်း တိုးမြှင့်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူအားဖြင့် ဒီကျောင်းမှာ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက် ရှိရပါမယ်။ တကယ်လို့ သွားလာရေးခက်ခဲတဲ့ တောင်တန်း၊ မြစ်ချောင်းခြားနေတဲ့ဒေသများဖြစ်စေကာမူ အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းနဲ့ ၁၀ မိုင်အထက်ကွာဝေးမှ တိုးမြှင့်ပေးရန် ဦးစားပေးခြင်း သတ်မှတ်ထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ခနောင်ချောင်း၀ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၇၂ ဦးသာရှိပါတယ်။ ဒါ့အပြင် အနီးဆုံးပင်မကျောင်းဖြစ်တဲ့ ဒလမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ခုနစ်မိုင်ခန့်အကွာအဝေးမှာ ရှိပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ ခနောင်ချောင်း၀ကျေးရွာသည် အခြေခံပညာအထက်တန်းကျောင်းခွဲ

အဆင့်ရရှိနေတဲ့အတွက် အခြေခံပညာ အထက်တန်းပညာရပ်များကိုလည်း သင်ယူခွင့်ရရှိနေတဲ့ အနေအထားရှိပါတယ်။ သတ်မှတ်ချက်မူများနှင့် ကိုက်ညီမှုမရှိသေးတဲ့အတွက် ဦးစားပေးအဆင့် တိုးမြှင့်နိုင်တဲ့စာရင်းမှာ ပါရှိခြင်းမရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွား လုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ် ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ်သတ်မှတ်ခြင်းများဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး သနပ်ပင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၅-၅-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများတိုးချဲ့ သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာ ရေးအထူးနှစ် သတ်မှတ်ခြင်းများဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သောခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ

ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးတင်သွင်းတဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ရေမြေသဘာဝဟာ ခရီးသွားလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး သမိုင်းအမွေအနှစ်များနှင့် သဘာဝရှုခင်းများ များပြားစွာရှိနေခြင်းဟာ သဘာဝခရီးသွားလုပ်ငန်းအောင်မြင်ရန်အတွက် ဆွဲဆောင်မှုများပင်ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ဟာဆိုရင် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သောခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် လိုအပ်နေသောအချိန်အခါဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာဆိုရင် အလွှာအသီးသီးမှ ပြည်သူများကို များစွာအကျိုးပြုတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒေသခံအများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖွံ့ဖြိုးစေပြီး ဆင်းရဲမှုကိုလျှော့ချပေးပြီးသားဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ရက်(၁၀၀)စီမံကိန်းအတွင်း ခရီးသွားဒေသအသစ်ခြောက်ခုဖော်ဆောင်ပေးတာကို တွေ့ရှိရပါတယ်။ ၂၀၂၀ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း ခရီးသွားဦးရေ ခုနစ်သန်းဝင်ရောက်ရန်ခန့်မှန်းထားတဲ့အတွက် ယနေ့ကစပြီး ခရီးသွားဒေသသစ်များဖွင့်လှစ်နိုင်ရန် အစိုးရအနေဖြင့် စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း နှစ်ပေါင်းများစွာ ခရီးသွားလာရေးဒေသအဟောင်းတွေကိုသာ တစ်ဝဲလည်လည်သွားလာနေကြရပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ သာယာလှပပြီး ဗဟုသုတများစွာရရှိနိုင်မယ့် ကမ်းနီး၊ ကမ်းဝေး၊ မြေပြန့်၊ တောင်ပေါ်စသည်အားဖြင့် ဒေသများစွာရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရမှဦးဆောင်ပြီး မြန်မာနိုင်ငံအနှံ့ခရီးသွားဒေသအသစ်များကို တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မလွှဲမသွေဖော်ဆောင်ပေးရန် လိုအပ်လာပါတယ်။ ခရီးသွားလုပ်ငန်းဟာ ရေရှည်ပြုစုပျိုးထောင်ရတဲ့လုပ်ငန်းဖြစ်ပြီး ဝန်ဆောင်မှုကောင်းမှ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အခြေအနေကလည်း ဒေသအသစ်၊ နေရာသစ်များဖော်ဆောင်ပေးရန်လိုအပ်နေချိန် နိုင်ငံအနှံ့ အချို့ဒေသတွေမှာရှိတဲ့ဒေသခံများကလည်း သူတို့ဒေသကို ခရီးသွားလာရေးဒေသအသစ်တစ်ခုအဖြစ် နိုင်ငံတော်အစိုးရမှ ဖော်ဆောင်ပေးဖို့၊ အဆင့်မြှင့်တင်ပေးဖို့ ကြိုးစားနေကြတဲ့အချိန်နဲ့တိုက်ဆိုင်နေပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ မိုးကုတ်မြို့နယ်ဒေသကို ခရီးသွားလာရေးဒေသအသစ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်အောင်ကြိုးစားခဲ့မှုနဲ့နှိုင်းယှဉ်တင်ပြလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုးကုတ်ဒေသဟာ သဘာဝတရားက အထူးဆုအဖြစ် လက်ဆောင်ပေးထားတာ နှစ်ခုရှိပါတယ်။ တစ်ခုကတော့ ကမ္ဘာကျော်တဲ့

ပတ္တမြား၊ နီလာနဲ့ ရောင်စုံကျောက်မျက်ရတနာများဖြစ်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က စပြီး မိုးကုတ်ဒေသရဲ့ကျောက်မျက်ထူးဖော်ရေးကဏ္ဍကို ပြောင်းလဲခံလိုက်ရပြီးတဲ့နောက်ပိုင်းမှ ကျွန်တော်တို့မြို့လေးရဲ့ စားဝတ်နေရေးဟာ တဖြည်းဖြည်းနဲ့ကြပ်တည်းလို့လာခဲ့ပါတယ်။ ဒီလိုပဲ မြန်မာနိုင်ငံရဲ့အခြားဒေသအများအပြားမှာလည်း အကြောင်းအမျိုးမျိုးနဲ့ ပြောင်းလဲလာတဲ့အခြေအနေကြောင့် ဒေသကိုစွန့်ခွာသူတွေများလာတာကို တွေ့လာရပါတယ်။ ဒီကနေ့ ဒီအချိန်မှာတော့ မိမိတို့ဒေသမှာ အိုးမကွာ၊ အိမ်မကွာ စားဝတ်နေရေးကိုဖြေရှင်းပေးနိုင်မယ့်ဒေသနဲ့ သဘာဝတရားများကို အခြေခံတဲ့ခရီးသွားလာရေးဒေသအသစ်တွေအဖြစ် အကောင်အထည်ဖော်ချင်လာကြပါတယ်။ ဒီအခါမှာ ကျွန်တော်တို့မိုးကုတ်ဒေသဟာလည်း သယံဇာတကျိန်စာသင့်ခြင်းမှ ရုန်းထွက်နိုင်ဖို့အတွက် သဘာဝတရားက ဒုတိယဆုအဖြစ်ပေးထားတဲ့ လှပတဲ့ရေမြေတောတောင်သဘာဝအလှအပများနဲ့ ရာသီဥတုကိုအခြေခံပြီး ပြည်တွင်း/ပြည်ပခရီးသွားဒေသအသစ်တစ်ခုဖြစ်ဖို့အတွက် ရည်ရွယ်ပြီးတော့ ၂၀၁၈ ခုနှစ် မတ်လကုန်ပိုင်းမှာ မိုးကုတ်နှစ်(၈၀၀)ဆိုတဲ့ခေါင်းစဉ်နဲ့ ဒေသခံများစုပေါင်းလက်တွဲကာ ကြိုးစားအကောင်အထည်ဖော်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုးကုတ်ဒေသဟာ ကမ္ဘာကျော်ပြီးသားဒေသဖြစ်တဲ့အတွက် နိုင်ငံခြားသားများအတွက် လာရောက်လေ့လာလည်ပတ်စရာ ခရီးသွားလာရေးဒေသအသစ်တစ်ခုအဖြစ် ဖွင့်ပေးလိုက်မယ်ဆိုရင် နိုင်ငံအတွင်းဝင်ရောက်လာမယ့် ခရီးသွားဦးရေတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်ပိုင်းတဖြည်းဖြည်းနဲ့ ပတ္တမြား၊ နီလာကျောက်မျက်ရောင်းဝယ်ရေးဈေးကွက်ဗဟိုဖြစ်လာအောင် ဝိုင်းဝန်းကြိုးစားကြမယ်ဆိုရင် ရေရှည်နိုင်ငံခြားဝင်ငွေရရှိနိုင်မယ့် ခရီးသွားလာရေးဒေသအသစ်တစ်ခုဖြစ်လာမှာအမှန်ပါပဲ။ ကျွန်တော်တို့ နှစ်(၈၀၀)ပွဲတော်မှာ နိုင်ငံခြားသားများလာရောက်လည်ပတ်ခွင့်ရအောင် ကြိုတင်ကြိုးစားမှုများ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြပါတယ်။ ပွဲမကျင်းပမီ ရက်အနည်းငယ်လိုပါမှ နိုင်ငံခြားသားဝင်ရောက်လည်ပတ်ခွင့်ကို ပွဲကျင်းပရက်သုံးရက်သာ ခွင့်ပေးခဲ့ပေမဲ့လည်း သံတမန်များနဲ့ နိုင်ငံခြားသား ၁၆၆ ယောက် လာရောက်လည်ပတ်ခဲ့တာကို တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ဒေသကို ပြည်ပခရီးသွားများ လွန်စွာစိတ်ဝင်စားကြောင်း သိရှိနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒေသအချို့မှာ နိုင်ငံခြားသားဝင်ရောက်ခွင့်များကို အခြေအနေအမျိုးမျိုးအရ ကန့်သတ်ထားမှုများ များစွာရှိနေပါသေးတယ်။ ဒါကလည်း မြန်မာ့ခရီးသွားဖွံ့ဖြိုးမှုအတွက် အတားအဆီးတစ်ခုအဖြစ် ရှိနေပါတယ်။ တချို့သောကန့်သတ်မှုများကို ဖြေလျှော့ပေးပြီး နိုင်ငံတော်အစိုးရမှစည်းကမ်းများသတ်မှတ်ကာ ဖြေလျှော့ပေးမယ်ဆိုရင် ခရီးသွားလုပ်ငန်းအမှန်တကယ်တိုးတက်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ဆီ ချီတက်နေတာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးဒေသအနှံ့ တန်းတူဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ မြန်မာနိုင်ငံအနှံ့ ခရီးသွားဒေသအသစ်မှ ပြည်သူများကလည်း ရှိတဲ့အားနဲ့ရုန်းထဖို့ ကြိုးစားလာကြပါပြီ။ နိုင်ငံတော်အစိုးရကလည်း ဖြေလျှော့သင့်တာတွေကို ဖြေလျှော့ပြီး ကျွန်တော်တို့ပြည်သူတွေ ကြိုးစားရုန်းထနေတာကို လက်တွဲကူညီဆွဲထူပေးပြီး ပြည်သူတွေနဲ့အတူ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ အလိုက်သင့်အတူပြောင်းလဲကြပါစို့လို့တိုက်တွန်းရင်းနဲ့ အဆိုကို ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ကျွန်မက တော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယခုအချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက် ဖို့အတွက် ဘက်ပေါင်းစုံကကြိုးစားနေရတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုကြိုးစားနေတဲ့အချိန်မှာ ခရီးသွားလုပ်ငန်းဟာဆိုရင် နိုင်ငံ့စီးပွားရေးရဲ့ အရေးကြီးတဲ့ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေပါတယ်။ နိုင်ငံတကာမှာဆိုရင်လည်း ခရီးသွားလုပ်ငန်းကို အကြီးဆုံးနဲ့ အဆက်မပြတ်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေတဲ့စီးပွားရေးလုပ်ငန်းအဖြစ်နဲ့ အသိအမှတ်ပြုလာကြပါတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် ပြည်သူများရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာပြီး အလုပ်အကိုင် အခွင့်အလမ်းများ၊ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အာဆီယံဒေသအတွင်းမှာကြည့်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ အာဆီယံ အမွေအနှစ်ဥယျာဉ်ခုနစ်ခုရှိတဲ့နိုင်ငံ ဖြစ်ပါတယ်။ အာဆီယံဒေသရဲ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ကို လေ့လာကြည့်မယ်ဆိုပါက အာဆီယံဒေသကို နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်လည်ပတ် မှုဟာ ၂၀၁၆ ခုနှစ်မှာ ၁၁၅ သန်းရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၁၂၅ သန်းထိ တိုးတက်လာပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အာဆီယံဒေသတွင်းနိုင်ငံများရဲ့ ခရီးသွားလုပ်ငန်းအပေါ်မှာ စီးပွားရေး လုပ်ငန်းတစ်ခုအနေနဲ့ တိုးမြှင့်လုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံအသီးသီးမှာ ဆိုရင် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ဖို့ လွယ်ကူစေဖို့အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနဲ့ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်များကို တိုးချဲ့ဖွင့်လှစ်ပေးပြီး ဗီဇာကြေးများလျှော့ပေ့ါ ပေးခြင်း၊ ဗီဇာကင်းလွတ်ခွင့်များ လျှော့ပေါ့ပေးခြင်းဖြင့် ဆွဲဆောင်နေကြပါတယ်။ ကျွန်မတို့နိုင်ငံ အနေနဲ့လည်း ခရီးသွားဧည့်သည်တွေ ပိုမိုဝင်ရောက်ဖို့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ နယ်စပ် ဝင်/ထွက်ပေါက်တွေကို ယခင်ကထက် တိုးချဲ့ဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်။ ဗီဇာစနစ်ကိုလည်း စနစ်တကျနဲ့ လျှော့ပေါ့ပေးခြင်းများကိုလည်း ပြန်လည်စဉ်းစားပေးသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီးတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်တွေ ပေါများတဲ့ဒေသဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပြီး ထီးခီးနယ်စပ်ဂိတ်၊ မောတောင်နယ်စပ်ဂိတ်နဲ့ ကော့သောင်း နယ်စပ်ဂိတ်များမှ ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လာကြပါတယ်။ ထီးခီးနယ်စပ်ဂိတ်ဟာ ဆိုရင် အဓိကဝင်/ထွက်ပေါက်ဖြစ်တဲ့အတွက် အပြည်ပြည်ဆိုင်ရာဝင်/ထွက်ပေါက်ဖြစ်ဖို့အတွက် အဆင့်မြှင့်တင်ပေးဖို့လိုအပ်နေပါတယ်။ ထိုင်းနိုင်ငံနဲ့ အခြားနိုင်ငံမှ ခရီးသွားများအချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်ဖို့အတွက် ထားဝယ်ရေနက်ဆိပ်ကမ်းမှ ထီးခီးနယ်စပ်အထိ နှစ်လမ်းသွား ကတ္တရာလမ်း အဆင့်မြှင့်ပေးဖို့အတွက်လည်း ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ ထားဝယ်ဒေသရဲ့ သမိုင်းဝင်ရှင်ကိုးရှင်ဘုရားပဲဖြစ်ပါတယ်။ ဒီပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ

အထူးစိတ်ဝင်စားတဲ့နေရာဖြစ်ပါတယ်။ ဒါကကျတော့ မောင်းမကန်ကမ်းခြေအပါအဝင် ကျွန်မရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ ပင်လယ်ကမ်းခြေများဖြစ်ပါတယ်။ ဒီကမ်းခြေတွေဟာ မပျက်မစီးဘဲနဲ့ သဘာဝ အတိုင်းလှပနေခြင်း၊ ကြည်လင်သောပင်လယ်ရေရှိခြင်း၊ နွေ၊ မိုး၊ ဆောင်းရာသီမရွေးသွားလာ လည်ပတ်နိုင်ခြင်းတို့ကြောင့် ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်တဲ့ အရင်းအမြစ်များဖြစ်ပါတယ်။ အစိုးရရဲ့ ရက်(၁၀၀)စီမံချက်မှာပါဝင်တဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) ကျေးရွာ အဖြစ်နဲ့ စမ်းလှမ်းကမ်းခြေရှိတဲ့ စမ်းလှမ်းကျေးရွာကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက် ပေးခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခရီးသွားလုပ်ငန်းဒီပလိုမာသင်တန်းကျောင်းကိုလည်း ကျွန်မတို့တိုင်းဒေသကြီးမှာ ဖွင့်လှစ် ပေးဖို့စီစဉ်ဆောင်ရွက်နေပြီလို့ သိရှိရပါတယ်။ ဒါကိုလည်း အများကြီးကြိုဆိုပါကြောင်း ပြောကြားလိုပါ တယ်ရှင့်။ ခရီးသွားလုပ်ငန်းဟာ လာရောက်လည်ပတ်တဲ့ခရီးသွားများအပေါ်မှာ ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းဖြစ်လို့ ဧည့်ဝတ်ကျေပွန်ရေး၊ ဘေးကင်းလုံခြုံစွာလည်ပတ်နိုင်ရေး၊ ခရီးသည်များပျော်ရွှင် ကျေနပ်မှုရှိစေရေးတို့ဟာလည်း အရေးကြီးတဲ့အချက်များ ဖြစ်ပါတယ်။ ပြည်ပခရီးသွားများ အဆင်ပြေ စေရန်အတွက် ခွင့်ပြုမိန့်များကို ပြည်ထောင်စုအစိုးရထံတင်ပြခြင်းထက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများထံ တင်ပြခွင့်ပြုချက်ယူပြီး ဆောင်ရွက်ခြင်းက အချိန်ကုန်သက်သာပြီး လုပ်ငန်းပိုမိုမြန်ဆန် စေမှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ခရီးစဉ်ဒေသတွေကိုလည်း နိုင်ငံတကာမှ ပိုမို ကျယ်ပြန့်စွာ သိရှိလာနိုင်စေရန်အတွက် ပြည်တွင်းမီဒီယာများမှတစ်ဆင့် နိုင်ငံတကာသတင်း မီဒီယာများနဲ့ချိတ်ဆက်ပြီးတော့ ကြော်ငြာကဏ္ဍကိုလည်း အလေးထားဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်ရှင့်။ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့အတူ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဒေသထွက်ကုန်များကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် စားသောက်ကုန်နှင့် လက်မှုပညာသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးသင့်ပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(SME)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးသင့် ပါကြောင်း အကြံပြုလိုပါတယ်ရှင့်။ ဒါ့ကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံရဲ့စီးပွားရေးကို မြှင့်တင်ပေးနိုင်မယ့် သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်ဌေး(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ လို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေး ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်မှ ဆရာဦးမြင့်ဦးရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလုပ်ငန်းဟာ အာဆီယံ အပါအဝင် နိုင်ငံတကာမှာ စီးပွားရေးဈေးကွက်တစ်ခုအနေနဲ့ အရှေ့တန်းရောက်လာတာကို သိသာနေ

သလို နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးတဲ့လုပ်ငန်းတစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်နေတာကို လည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းဟာ ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးလုပ်ငန်းကို များစွာအထောက်အကူပြုတဲ့အတွက် ကျွန်တော်တို့ စီးပွားရေးမိုးခေါင်နေတဲ့ ကျွန်တော်တို့ပြည်သူတွေအတွက် ၎င်းစီးပွားရေးလုပ်ငန်းဟာ အင်မတန်အမြန်ဆုံးအကောင်အထည်ဖော်သင့်တဲ့လုပ်ငန်းတစ်ခုဖြစ်တယ်လို့ တိုက်တွန်းလိုပါတယ်။ ဒီလိုအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မှုလည်း စီးပွားရေးမိုးခေါင်နေတဲ့ ကျွန်တော်တို့ပြည်သူတွေ မိုးရေလည်းဝ၊ ပြည်လည်းလှတဲ့အခြေအနေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ထဲမှာ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်အတူ အခြားခရီးသွားလုပ်ငန်းများကိုပါ တိုက်တွန်းထားတာတွေ့ရတဲ့အတွက် များစွာကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းကို အမျိုးအစားတွေအများကြီးရှိတဲ့အထဲကမှ ခေါင်းစဉ်နှစ်ခုနဲ့ ကျွန်တော်တို့တင်ပြလာတဲ့အတွက် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဟာ သဘာဝအခြေခံအရင်းအမြစ်တွေအများကြီးရှိတဲ့ တိုင်းတစ်တိုင်းဖြစ်သလို ကျွန်တော်တို့ လေ့လာစရာတွေ၊ စိတ်ဝင်စားစရာတွေ အများကြီးရှိတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးမှာရှိတဲ့အခြေခံကောင်းများကို အခြေအနေကောင်းများဖြစ်အောင် ဖန်တီးနိုင်ဖို့အတွက် တင်ပြသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ကျွန်းတွေအများကြီးရှိပါတယ်။ ဒီလို လှပတဲ့ကျွန်းတွေအများကြီးရှိတဲ့အထဲကမှ တချို့ကျွန်းလေးတွေကို လက်လှမ်းမီသလောက် တင်ပြခြင်းသာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ နှစ်ဖက်လှကျွန်းဖြစ်ပါတယ်။ နတ်သမီးရေတွင်းကျွန်းဖြစ်ပါတယ်။ စမတ်ကျွန်းဖြစ်ပါတယ်။ ဒါကတော့ ကျောက်ခဲလုံးလေးတွေနဲ့ဖြစ်တည်နေတဲ့ ကျွန်းလေးတစ်ကျွန်းဖြစ်ပါတယ်။ ကမ္ဘာမှာအင်မတန်ရှားပါးတဲ့ အနေအထားလည်းဖြစ်ပါတယ်။ ဒါကတော့ ညောင်ဦးဖီးကျွန်းဖြစ်ပါတယ်။ ဒါကတော့ ကြက်မောက်ကျွန်း (ခေါ်) အသဲပုံကျွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ အပေါ်ကကြည့်လိုက်ရင် အသဲပုံလေးလိုဖြစ်နေတဲ့အတွက် အသဲပုံကျွန်းလို့ နောက်ပိုင်းမှာခေါ်တွင်လာကြတာဖြစ်ပါတယ်။ ဒါကတော့ ခရင်းခွကျွန်းဖြစ်ပါတယ်။ အောက်ကတော့ ကော့သောင်းက (၁၁၅)မိုင်ကျွန်းဖြစ်ပါတယ်။ ဒါကတော့ လန်ပိကျွန်းဖြစ်ပါတယ်။ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ကျွန်းကြီး ဖြစ်ပါတယ်။ အဲဒီကျွန်းကြီးမှာ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ထိန်းသိမ်းဖို့အတွက် အများကြီးလိုအပ်နေတာလည်း ရှိပါတယ်။ ဒီကျွန်းကြီးကိုဝင်ရောက်ပြီးတော့ ကျွန်တော်တို့ သယံဇာတတွေတူးတာ၊ တရားမဝင်လုပ်ငန်းတွေလုပ်တာတွေ ရှိနေတဲ့အတွက် ကျွန်တော်တို့ သစ်တောဌာနကို သစ်တောဝန်ထမ်းအင်အားကိုလည်း ဖြည့်တင်းဖို့ လိုအပ်နေပါတယ်။ ဒါကတော့ လန်ပိဥယျာဉ်ထဲမှာရှိတဲ့ ကျွန်တော်တို့ လိပ်ဥသောင်ဖြစ်ပါတယ်။ လိပ်တွေဟာသူတို့ရာသီအလိုက် မွေးဖွားတဲ့အချိန်မှာ လိပ်တွေအများကြီးတက်လာပြီးတော့ ဒီသောင်ပေါ်မှာ လာပြီးတော့ ဥတွေဥပြီးတော့မှ ပြန်ဆင်းသွားကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအဖိုးတန်တဲ့ မျိုးစိတ်တွေရှိတဲ့ကျွန်းကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ထိန်းသိမ်းထားသင့်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆလုံမွန်ကင်းလူမျိုးစုတွေရဲ့ အလေ့အထလေးဖြစ်ပါတယ်။ ဆလုံမွန်ကင်းလူမျိုးစုတွေရဲ့ ယဉ်ကျေးမှုရိုးရာကိုလည်း ဆက်လက်ပြီးတော့ ထိန်းသိမ်းသင့်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြိတ်ကျွန်းစုမှာ

တွေ့ရှိတဲ့ မြန်မာ့ပုလဲတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြိတ်ကျွန်းစုမှာရှိတဲ့ ရေအောက် သန္တာကျောက်တန်းတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေအောက်မှာရှိတဲ့ မြိတ်ကျွန်းစုအတွင်း မှာရှိတဲ့ ဝေလငါးတွေ၊ ငါးမန်းတွေ တခြားအပြင် ဒီလိုတန်ဖိုးရှိတဲ့ မျိုးစိတ်တွေလည်းရှိနေတာကို တင်ပြ ချင်တာဖြစ်ပါတယ်။ ဒီလိုအင်မတန်လှပတဲ့ ကျွန်းတွေ၊ မျိုးစိတ်တွေရှိတဲ့နေရာမှာ ကျွန်တော်တို့ ဒီလိုငါးဖမ်းသင်္ဘောတွေ၊ Dock ဆွဲတဲ့သင်္ဘောတွေ၊ မိုင်းခွဲတဲ့ငါးဖမ်းလုပ်ငန်းတွေကြောင့် ဒီလိုသဘာဝ ပတ်ဝန်းကျင်တွေပျက်စီးသွားမှာကိုလည်း ကျွန်တော်တို့ အင်မတန်စိုးရိမ်တဲ့အတွက် စည်းကမ်းတကျ ကြပ်မတ်ပြီးတော့ အကောင်အထည်ဖော်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ အကြံပြု ချက်တွေအနေနဲ့က ကျွန်းတွေကို လက်ဦးမှုရယူထားတဲ့အဖွဲ့အစည်းတွေကို ကျွန်တော်တို့ တကယ် အလုပ်မလုပ်တဲ့အဖွဲ့အစည်းတွေကို ကျွန်တော်တို့ ပြန်လည်စိစစ်ပြီးတော့ အမှန်တကယ် အလုပ်လုပ် မည့်အဖွဲ့အစည်းတွေကို လုပ်ကိုင်စေခြင်းက ပိုမိုထိရောက်မယ်လို့ ယူဆပါတယ်။ ပြီးတော့ ကျွန်းတွေ ငှားရမ်းထားတဲ့ ဧရိယာဟာလည်းပဲ မြေပြင်သာမကဘဲ ရေပြင်တွေပါနေတဲ့အတွက် ရေပြင်ကို ကျွန်တော်တို့ ခရီးသွားလုပ်ငန်းလုပ်ကိုင်ဖို့ အသုံးချနိုင်အောင် မြေပြင်ဧရိယာကိုသာ သတ်မှတ်ပေးဖို့ လည်း အကြံပြုချင်ပါတယ်။ ကျွန်တော်တို့ ခွင့်ပြုချက်ဧရိယာတွေအပေါ်မှာ နယ်စပ်လုံခြုံရေး၊ နယ်မြေလုံခြုံရေးဆိုပြီးတော့ ကျွန်တော်တို့ လုံခြုံရေးအနေနဲ့ ဟန့်တားအတားအဆီးတွေကိုလည်းပဲ ဖြေလျှော့ပေးဖို့ကို ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တနင်္သာရီ တိုင်းဒေသကြီးခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ကျွန်တော်တို့ ထောက်ခံဆွေးနွေးလိုက် ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာပါ။ မီးခိုးမထွက်တဲ့ စက်ရုံလို့တင်စားခံရတဲ့ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာမှာအကြီးမားဆုံးနဲ့ အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးလုပ်ငန်းပါ။ လယ်သမားတစ်ယောက် တစ်နှစ်လုံး နွားနှင့်ယှဉ်ရုန်းပြီးတော့ ရလာတဲ့ဝင်ငွေကို နိုင်ငံခြားသားခရီးသွားတစ်ယောက်ဝင်လာတာနှင့် လွယ်ကူ စွာ ရနိုင်တယ်လို့ မှတ်သားဖူးပါတယ်။ ခရီးသွားလုပ်ငန်းကို အမှီပြုပြီးတော့ အလုပ်အကိုင်အခွင့် အလမ်းတွေရရှိတယ်။ ဧည့်လမ်းညွှန်တွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေတယ်။ ကား၊ ရထား၊ လေယာဉ်၊ သင်္ဘောစတဲ့ သယ်ယူပို့ဆောင်ရေးတွေ အလုပ်ဖြစ်စေတယ်။ စားသောက်ဆိုင်တွေ၊ အမှတ် တရပစ္စည်းဆိုင်တွေ၊ ဟိုတယ်၊ မိုတယ်၊ Inn တွေအလုပ်ဖြစ်စေတယ်။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုး တိုးတက်ဖို့၊ ဆင်းရဲတွင်းထဲက ရုန်းထွက်ဖို့ Tourism လှိုင်းကိုစီးပြီးတော့ ခရီးပေါက်အောင်ဆောင်ရွက် သင့်ပါတယ်။ အရှေ့တောင်အာရှမှာ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုအများဆုံး ထိုင်းနိုင်ငံကို ကြည့်မယ်ဆိုရင် ၃၂ သန်းရှိပြီးတော့ ကျွန်တော်တို့နိုင်ငံကတော့ သုံးသန်းခန့်သာရှိပါတယ်။ လူဦးရေ ၅.၅ သန်းရှိတဲ့ စင်ကာပူမှာ ၁၅ သန်းကျော်ဝင်ရောက်ပြီးတော့ စင်ကာပူဒေါ်လာ ၁.၆ ဘီလီယံရရှိ တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ဟာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တဲ့လာအိုထက်တောင်မှ နိမ့်ကျနေတာ ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ အလွန်လှပတဲ့တောတောင်၊ ရေမြေ၊ သဘာဝအလှတွေ၊ ရေပူစမ်းနှင့် စိမ့်စမ်းရေတံခွန်တွေ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ပုဂံ၊ ဝေသာလီ၊ ဟံသာဝတီစတဲ့ သမိုင်းအမွေအနှစ်တွေရှိပါတယ်။ ပုဂံလိုရှေးဟောင်းကျလှတဲ့ ဘုရားပုထိုး၊ စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ကန်တွေရှိတယ်။ ၁၃၅ မျိုးသောတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေရှိတယ်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်နဲ့ ရေခဲတောင်အလှတွေ၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နတ်မတောင်အမျိုးသားဥယျာဉ်စတာတွေ ကမ္ဘာ့အကောင်းဆုံးရေငုပ်ကမ်းခြေ ၁၀ ခုစာရင်းဝင်တဲ့ တနင်္သာရီကမ်းခြေ၊ အရှေ့တောင်အာရှရဲ့ အကောင်းဆုံးသန္တာကျောက်တန်းတွေရှိတဲ့ ဇာဒတ်ကြီးကျွန်း၊ ဇီဝဖိုးငှက်သိုက်တွေ၊ ပုလဲမွေးမြူရေးတွေ၊ ဆင်စခန်းတွေ၊ ပတ္တမြားမြေ၊ ကျောက်စိမ်းမြေတွေနဲ့ အလွန်လှပတဲ့ ကမ်းခြေတွေစသည်ဖြင့် ပြောမဆုံးပေါင်၊ တောသုံးထောင်ဆိုသလို ပေါများလှတဲ့ နိုင်ငံပါ။ အဲဒီလိုခရီးသွားဖို့ အသင့်လျော်ဆုံးအခြေခံတွေများစွာရှိတဲ့နိုင်ငံက ခရီးသွားလာမှုအနည်းဆုံးဖြစ်နေတာဟာ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေရှိနေလို့ဆိုတာ ဗေဒင်မေးစရာမလိုပါဘူး။ ပြီးခဲ့တဲ့ခေတ် ဘက်ပေါင်းစုံ ချွတ်ခြုံကျမှုနှင့်အတူ ခရီးသွားလုပ်ငန်းမှာ နိမ့်ပါးကျဆင်းခဲ့ရတာ ဖြစ်ပါတယ်။ ခရီးသွားခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ အနားယူဖို့၊ အပန်းဖြေဖို့၊ ဒေသန္တရဗဟုသုတတွေ ရှာမှီးဖို့ပါ။ ခရီးသွားလုပ်ငန်းရဲ့ အဓိကသော့ချက်က ဝန်ဆောင်မှုပါ။ နိုင်ငံအတွင်းဝင်ရောက်ဖို့ ဗီဇာလုပ်ပြီးမှ ပြန်လည်ထွက်ခွာသွားချိန်အထိ ဝန်ဆောင်မှုကောင်းကောင်းပေးဖို့ လိုအပ်ပါမယ်။ ဟိုတယ်၊ မိုတယ်တွေရဲ့ ဝန်ဆောင်မှု၊ ဧည့်လမ်းညွှန်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ စားသောက်ဆိုင်တွေ၊ ကား၊ ရထား၊ လေယာဉ်တွေ နောက်ဆုံး Toilet System အထိ ဝန်ဆောင်မှုတွေ ပြည့်စုံကောင်းမွန်အဆင်ပြေချောမွေ့မှ ရရှိပါမယ်။ ခရီးသွားတွေ လုံခြုံစိတ်ချရမယ်။ အန္တရာယ်ကင်းရမယ်။ မငြိမ်းချမ်းမှုတွေ၊ မတည်ငြိမ်မှုတွေ၊ စစ်ပွဲတွေ၊ ရာဇဝတ်မှုတွေဟာ ခရီးသွားလုပ်ငန်းအတွက် အတားအဆီးတွေပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Economic Group က ထုတ်ပြန်တဲ့ ၂၀၁၇ ဘေးကင်းလုံခြုံသော မြို့များ၊ အညွှန်းကိန်းမှာ မြို့ပေါင်း ၆၀ အနက် ရန်ကုန်မြို့ဟာ ဘေးကင်းလုံခြုံမှု ဒုတိယမြောက်အနိမ့်ဆုံးအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ရခိုင်အရေးကြောင့်လည်း လူ့အခွင့်အရေးအလေးမထား လူလူချင်းခွဲခြားဆက်ဆံတယ်ဆိုတဲ့ပုံရိပ်ဆိုးကို ဖော်ပြခြင်းခံခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းက မြန်မာနိုင်ငံကိုလာရောက်လည်ပတ်မည့်ခရီးစဉ်တွေရဲ့ ၅၀ ရာခိုင်နှုန်းပယ်ဖျက်ဆိုင်းငံ့ခံခဲ့ရတယ်လို့ သိရပါတယ်ခင်ဗျား။ တစ်ချိန်က အသိအမှတ်ပြုခံခဲ့ရတဲ့ မြန်မာတွေရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ဖော်ရွေတယ်၊ ဧည့်ဝတ်ကျေပွန်တယ်၊ ကူညီရိုင်းပင်းတယ်ဆိုတဲ့ ပုံရိပ်ကို ကျွန်တော်တို့ပြန်လည်ပြီးတော့ ဖော်ထုတ်ကြရပါမယ်။ အိမ် သာမှ ဧည့်လာပါလိမ့်မယ်။ ဧည့်လာရင်လည်း ဧည့်ဝတ်ကျေပွန်ဖို့ လိုအပ်ပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လေယာဉ်ခတွေ၊ ဟိုတယ်ခတွေ၊ စားသောက်စရိတ်တွေ၊ ဇုန်ပြတိုက်နှင့် ဘုရားဝင်ကြေးတွေဟာ အိမ်နီးချင်းနိုင်ငံတွေထက် ဈေးတွေကြီးမြင့်နေပြီးတော့ ဝန်ဆောင်မှုတွေမှာ အားနည်းချို့တဲ့နေတာ ဗီဇာရဖို့ကအစ ကြန့်ကြာခက်ခဲတာ အခြေခံအဆောက်အဦတွေ မပြည့်စုံတာတွေကို ကျွန်တော်တို့ ပြုပြင်ကြရပါမယ်။ ဆက်ဆံရေးကောင်းရင်၊ ပစ္စည်းကောင်းရင်၊ ဈေးချိုရင် အဲဒီဆိုင်ရောင်းကောင်းပြီးတော့၊ ဆက်ဆံရေးမကောင်းရင်၊ ပစ္စည်းမကောင်းရင်၊ ဈေးကြီးရင်၊ Customer က တစ်ခါဆက်ဆံ ဆယ်ခါလန်ပါလိမ့်မယ်။ နိုင်ငံ့ရဲ့ လူမှု

စီးပွားဘဝဖွံ့ဖြိုးဖို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ ဆင်းရဲမှုပပျောက်ဖို့အတွက် အရေးပါလှတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ အထူးကြိုးစားရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ နာမကျန်းဖြစ်နေတဲ့ မီးခိုးမထွက်တဲ့စက်ရုံတွေ ပြန်လည်နာလန်ထူလာဖို့ ခရီးသွားလုပ်ငန်းဥပဒေပြဋ္ဌာန်းပြီးတော့ ထိရောက်တဲ့မူဝါဒတွေချမှတ် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပူးပေါင်းညှိနှိုင်းပြီးတော့ ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန်နဲ့ ဝိုင်းဝန်းစုပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ကြဖို့ တိုက်တွန်းရင်းနဲ့ ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ မြန်မာနိုင်ငံအတွက် အလားအလာ အကောင်းဆုံးစီးပွားရေးလုပ်ငန်းဖြစ်လာနိုင်တာကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ အာရှရဲ့နောက်ဆုံး ထွန်းသစ်စနိုင်ငံအဖြစ် ကမ္ဘာကစိတ်ဝင်စားခဲ့ပါတယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ၁၂ လ ရာသီပွဲတော်များ၊ ရေခဲတောင်၊ ရေပူစမ်း၊ ကမ္ဘာ့အမွေအနှစ်နေရာများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ပင်လယ်ကမ်းခြေများ၊ သဘာဝအလှတောတောင်များ စသည်ဖြင့် ဆွဲဆောင်မှုတွေကြောင့် မျှော်လင့်ချက်ကြီးကြီးထားခဲ့ပါတယ်။ ဒါပေမဲ့ မှန်းချက်နဲ့နှမ်းထွက်က မကိုက်ခဲ့ပါဘူး။ ၂၀၁၅ ခုနှစ်မှာ ခရီးသွား ၄.၆ သန်းဝင်ရောက်ခဲ့ပေမဲ့ ၂၀၁၆ ခုနှစ်မှာ ထက်ဝက်ကျဆင်းပြီးတော့ ၂.၉ သန်းပဲ လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၃.၄ သန်းနဲ့ ၂၀၁၈ ခုနှစ် ဇွန်လအထိတော့ ၁.၇ သန်းကျော်ပဲ ဧည့်သည်ဝင်ရောက်ထားပါတယ်။ ခရီးသွားလုပ်ငန်းကျဆင်းလာခဲ့ပါတယ်။ အာဆီယံမှာ ခရီးသွားဧည့်သည် ၂၀၁၆ ခုနှစ်မှာ ၁၁၅ သန်း၊ ၂၀၁၇ ခုနှစ်မှာ ၁၂၅ သန်းဝင်ရောက်ခဲ့တဲ့အတွက် ၈.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ အာဆီယံ ခရီးသွားလုပ်ငန်းတိုးတက်ပြီးတော့ မြန်မာ့ခရီးသွားလုပ်ငန်းက ကျဆင်းနေတာကို ကျွန်တော်တို့ အဖြေရှာပြီးတော့ ပြုပြင်ပြောင်းလဲသင့်ပါပြီ။ ရခိုင်ဖြစ်စဉ်မှာ မီဒီယာက ပုံဖျက်ခံရတာကြောင့် ခရီးသွားမှုကျဆင်းရခြင်းအကြောင်းတစ်ရပ်ဖြစ်ပေမဲ့ အဓိကအကြောင်းကတော့ အစစအရာရာဈေးကြီးတာနဲ့ ခရီးသွားမြှင့်တင်ရေး Promotion မလုပ်တာ အဓိကအကြောင်းနှစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် အစစအရာရာဈေးကြီးတဲ့နိုင်ငံ ဖြစ်နေပါတယ်။ လေယာဉ်လက်မှတ်ခဈေးကြီးပါတယ်။ ရန်ကုန်နဲ့ ပုဂံသွားရင် ဒေါ်လာ ၉၀ ကနေ ၁၀၀ အထိကုန်ကျပြီးတော့ ရန်ကုန်နဲ့ဘန်ကောက်ကိုတော့ ဒေါ်လာ ၈၀ နဲ့ သွားလို့ရပါတယ်။ နောက် ဟိုတယ်ခဈေးကြီးပါတယ်။ တခြားနိုင်ငံတွေထက် ကျွန်တော်တို့နိုင်ငံက သုံးဆလောက် မြင့်မားနေပါတယ်။ ရလာတဲ့ခရီးသည်နှင့်မြတ်အောင် လုပ်မယ်။ ခရီးသွားအဝင်များရင် ဟိုတယ်ဈေးနှုန်းတင်လိုက်မယ်ဆိုတဲ့ဟာမျိုးတွေနဲ့ ကျွန်တော်တို့အဆင်မပြေတော့ပါဘူး။ နောက်

အစားအသောက်ဈေးကြီးပါတယ်။ သူများနိုင်ငံမှာ ငါးဒေါ်လာကျရင် ကျွန်တော်တို့ဆီမှာ ၁၀ ဒေါ်လာကျပါတယ်။ အစားအသောက်မှာ ကျွန်တော်တို့က နှစ်ဆပိုပြီးတော့ များနေပါတယ်။ နောက် ဇုန်ဝင်ခတွေ၊ ပြတိုက်ဝင်ခတွေ၊ ဘုရားဝင်ခတွေ တဖြည်းဖြည်းဈေးကြီးလာပါတယ်။ ဘုရားဂေါပကတွေကလည်း ကောက်ချင်သလိုကောက်ပါတယ်။ နောက် ဒေါ်လာနဲ့ကောက်ပါတယ်။ ထိုင်းသွားလို့ရှိရင် ထိုင်းငွေနဲ့ရှင်းလို့ရတယ်။ တရုတ်သွားလို့ရှိရင် တရုတ်ငွေနဲ့ရှင်းလို့ရတယ်။ ဒါပေမဲ့ မြန်မာပြည်မှာတော့ ဒေါ်လာနဲ့ပဲ ရှင်းရတယ်။ မြန်မာငွေက တရားမဝင်သလို ဖြစ်နေပါတယ်။ နောက် မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် စရိတ်အလွန်ကြီးပါတယ်။ စင်ကာပူနဲ့ ဈေးအတူဖြစ်နေပါတယ်။ ဒါက အဓိကကျပါတယ်။ နိုင်ငံရေးက အဓိကမကျပါဘူး။ အဓိကက မြန်မာပြည်ကို ဧည့်သည်မလာတဲ့အကြောင်းအရင်းက ဈေးကြီးနေတာပါပဲ။ နောက် အခြေခံအဆောက်အဦနည်းပါတယ်။ ရန်ကုန်မြို့တောင်မှ အများသုံးအိမ်သာ နိုင်ငံတကာအဆင့်အတန်းမီ တစ်လုံးမှမရှိပါဘူး။ ဘယ်လောက်ပဲ လှပတယ်ပဲပြောပြော။ ညစ်ပတ်တဲ့နေရာကို ဘယ်သူမှလာမှာမဟုတ်ပါဘူး။ ဒါတွေကို မဆောင်ရွက်နိုင်ရင် အောင်မြင်မှာမဟုတ်ပါဘူး။ နောက် အနောက်နိုင်ငံက တိုက်ရိုက်လေကြောင်း ကျွန်တော်တို့မှာ မရှိပါဘူး။ ရခိုင်ဖြစ်စဉ်ကြောင့် ၂၀၁၈ ခုနှစ်မှာ ဥရောပအဓိကဈေးကွက်ဖြစ်တဲ့ အင်္ဂလန်နဲ့ ပြင်သစ်က ခရီးသွားဝင်ရောက်မှုနှုန်း ၃၀ ကနေ ၄၀ ရာခိုင်နှုန်းအထိ လျော့ကျမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အာဆီယံခရီးသွားတွေကို ပစ်မှတ်ထားပြီးတော့ ဆွဲဆောင်သင့်ပါတယ်။ တရုတ်ဈေးကွက်က အကြီးကြီးဖြစ်ပါတယ်။ ၂၀၃၀ ခုနှစ်မှာ တရုတ်ခရီးသွားတွေရဲ့သုံးစွဲမှုက ဘီလီယံ ၇၀၀ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

မြန်မာနိုင်ငံမှာတော့ တရုတ်ခရီးသွားဝင်ရောက်မှုက နှစ်သိန်းကျော်ပဲရှိပါတယ်။ နောက်ထပ်အရေးကြီးဆုံးကတော့ ကျွန်တော်တို့ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး(Promotion)လုပ်ဖို့အရေးကြီးပါတယ်။ မြန်မာနိုင်ငံကို ကမ္ဘာကမသိပါဘူး။ မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာက သေသေချာချာမသိပါဘူး။ ကိုယ့်နိုင်ငံရဲ့ခရီးစဉ်ပုံရိပ်မြှင့်တင်ဖို့အတွက် အချက်အလက်စုဆောင်းခြင်း၊ သုတေသနစစ်တမ်းများကောက်ယူခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ လမ်းညွှန်ချက်များပြင်ဆင်ခြင်း၊ အမှတ်တံဆိပ်၊ သံတမန်များခန့်အပ်ခြင်း၊ ပြည်ပဈေးကွက် တာဝန်ခံကိုယ်စားလှယ်များခန့်ထားခြင်း၊ လူမှုကွန်ရက်များဖြစ်တဲ့ Facebook တို့၊ Instagram တို့၊ Twitter တို့၊ Youtube တို့၊ Google Plus တို့ကနေပြီးတော့ ကြော်ငြာတာ၊ နောက် Website တွေလွှင့်တင်တာ၊ မှတ်တမ်းရုပ်ရှင်တွေရိုက်ကူးပြီးတော့ National Geographic၊ Travel Life Style တို့၊ CNN Travel၊ BBC Travel စသည်တို့မှာ ထုတ်လွှင့်တာ၊ နိုင်ငံတကာမီဒီယာ၊ ခရီးသွားကုမ္ပဏီတွေ၊ ခရီးစဉ်ရေးသားသူတွေအတွက် Funds၊ Trips တွေ စီစဉ်ပေးတာ၊ လက်ကမ်းစာစောင်များ၊ လက်ဆောင်ပစ္စည်းများ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ခရီးသွားပြပွဲများ စသဖြင့် ဈေးကွက်မြှင့်တင်ရေးအစီအစဉ်တွေကို နိုင်ငံတော်ကနေပြီးတော့ ဘတ်ဂျက်ကျခံသုံးစွဲဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တစ်ဦးကို ဒေါ်လာ ၁၀၀၀ သုံးလို့ရှိရင် ခရီးသည်သုံးသန်းဆိုလို့ရှိရင် ဘီလီယံ ၃၀ တိုင်းပြည်အတွက် ဝင်ငွေရရှိမှာဖြစ်ပါတယ်။ ဒါဟာ လက်ရှိ GDP ရဲ့တစ်ဝက်ရှိပါတယ်။ ဘီလီယံ ၃၀ မှာ တစ်ရာခိုင်နှုန်းကို Promotion အတွက်သုံးရင်တောင်မှ ဒေါ်လာသန်း ၃၀ ရှိပါတယ်။ အဲဒီပမာဏလောက်တော့ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး(Promotion)အတွက် အသုံးပြုသင့်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ

မှာဆိုရင် ဈေးကွက်မြှင့်တင်ရေးအတွက် ဒေါ်လာသန်း ၄၀၀ လောက် သုံးစွဲပြီးတော့ ခရီးသည် တစ်နှစ်ကို သန်း ၃၀ ကျော်လောက် ဝင်ရောက်နေပါတယ်။ နိဂုံးချုပ်အနေနဲ့ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လေယာဉ်ခ၊ ဟိုတယ်ခ၊ စားသောက်ခ၊ ဝင်ကြေးစတဲ့ အစစအရာရာဈေးကြီးနေတာတွေကို လျှော့ချဖို့၊ အခြေခံအဆောက်အဦတွေကို ဖြည့်ဆည်းနိုင်ဖို့၊ အတားအဆီးတွေကိုဖြေလျှော့ဖို့နဲ့ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကို နိုင်ငံတော်ကနေပြီးတော့ ဘတ်ဂျက်ကျခံချမှတ်သုံးစွဲသွားဖို့ အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးသိန်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလုပ်ငန်း(Service Industry)ဟာ နိုင်ငံရဲ့ Seven Prime Sector မှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ The World Travel and Tourism Council 2018 အရ မြန်မာ့ခရီးသွားလုပ်ငန်းဟာ Total Distribution အားဖြင့် ၂၀၁၇ ခုနှစ်က GDP ရဲ့ ၆.၆ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှာ ၅.၄ ရာခိုင်နှုန်းတိုးတက်လာမှာဖြစ်ကြောင်း သုံးသပ်ထားပါတယ်။ ဆက်လက်တိုးတက်သွားနိုင်တယ်လို့လည်း ဖော်ပြထားပါတယ်။ အလုပ်အကိုင်ရရှိစေမှုအနေနဲ့ ၂၀၁၇ ခုနှစ်က အလုပ် အကိုင်ပေါင်း ၅၇၀၀၀၀၊ နိုင်ငံ့အလုပ်အကိုင်ဖန်တီးပေးနိုင်မှုရဲ့ ၂.၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ၅.၄ ရာခိုင်နှုန်းတိုးတက်လာမယ်လို့ ခန့်မှန်းထားတာ တွေ့ရပါတယ်။ အသေးစိတ်ကို Slide မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အရင်းအမြစ်များစွာ ကြွယ်ဝပါတယ်။ မြန်မာနိုင်ငံရဲ့တိုင်းရင်းသားရိုးရာဓလေ့ထုံးစံတွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ သဘာဝအရင်းအမြစ်တွေဟာ ခရီးသွားများကို များစွာဆွဲဆောင်နိုင်ပါတယ်။ ဒီလိုအခြေခံအရင်းအမြစ်ကြွယ်ဝပေမဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့ နှိုင်းဆရင် မြန်မာ့ခရီးသွားလုပ်ငန်းဟာ များစွာနောက်ကျနေသေးတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေတွေကို ပြန်လည်သုံးသပ်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းကို များစွာတိုးချဲ့လုပ်ဆောင်ဖို့ လိုအပ်မယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတိုးတက်စေဖို့အတွက် မြန်မာ့ခရီးသွားလုပ်ငန်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် လုပ်ငန်းစဉ်စီမံကိန်း(၂၀၁၇-၂၀၂၀) ချမှတ်အကောင်အထည်ဖော်နေသလို အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ်(၂၀၁၆-၂၀၂၅)ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေ(မူကြမ်း)ကိုလည်း တင်ပြထားတာ တွေ့ရပါတယ်။ Ecotourism နှင့် Community Based Tourism (CBT) လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေတာကိုလည်း တွေ့ရပါတယ်။ Myanmar Ecotourism Policy and Management Strategy for Protected Areas 2015 to 2025 ကိုလည်း

ချမှတ်ထားတာ တွေ့ရပါတယ်။ ဒါပေမဲ့လို့ မြန်မာ့ခရီးသွားလုပ်ငန်းဟာ တိုးတက်သင့်သလောက် မတိုးတက်တာကို တွေ့နေရဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တည်ဆဲမူဝါဒနှင့် ဥပဒေတွေ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာစတဲ့စိန်ခေါ်မှုတွေ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုအားနည်းခြင်းတွေ၊ စီမံခန့်ခွဲမှုအားနည်းခြင်းစတဲ့ စိန်ခေါ်မှုတွေဟာလည်း ခရီးသွားလုပ်ငန်းတိုးတက်မှုကို အဟန့်အတားဖြစ်စေလျက်ရှိပါတယ်။ ခရီးသည်လာရောက်မှုနည်းရခြင်းတွေမှာ ဈေးကွက်ကျဉ်းမြောင်းတာ၊ လေကြောင်းလိုင်းမစုံလင်တာ၊ လည်ပတ်ရန်နေရာများအတွက် ဆွဲဆောင်မှုအားနည်းတာ၊ လည်ပတ်မှုကုန်ကျစရိတ်ကြီးမြင့်တာ၊ ခရီးသွားဝန်ဆောင်မှု အမျိုးအစားမစုံလင်တာ၊ သတင်းအချက်အလက်ဖြန့်ဝေမှုအားနည်းတာစတဲ့ လိုအပ်ချက်တွေကိုလည်း ပြန်လည်ဆန်းစစ်ပြင်ဆင်ဖို့ လိုအပ်မယ်လို့ အကြံပြုလိုပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမယ့်ဥပဒေကိုလည်း အမြန်ဆုံးပြဋ္ဌာန်းပေးဖို့ လိုအပ်နေပါတယ်။ ခရီးသွားလုပ်ငန်းတစ်ခုလုံး တိုးတက်ဖို့အတွက် Tourism နဲ့ CBT တိုးချဲ့ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်များကျင်းပခြင်း၊ ခရီးသွားနှစ်များသတ်မှတ်ခြင်းသာမက Sustainable Tourism ဖြစ်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ Sustainable ဖြစ်ဖို့ဆိုရင် ခရီးစဉ်အလိုက် Destination Management လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ အလုပ်အကိုင်များလည်း ရရှိလာမှာဖြစ်ပြီး Long-term Growth ရရှိလာမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ မြန်မာ့ခရီးသွားလုပ်ငန်းဟာ World Economic Forum's Travel and Tourism Competitiveness Index 2015 အရ နိုင်ငံပေါင်း ၁၄၁ နိုင်ငံနဲ့ အဆင့် ၁၃၄ မှာ ရှိနေပါတယ်။ Infrastructural challenges ၊ Shortage of Skilled Labour နဲ့ Poor waste management များကိုလည်း ထိထိရောက်ရောက်ဖြေရှင်းပေးဖို့ လိုအပ်နေပါတယ်။ ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရတွေကြား A synchronized and coordinated approach to destination management ဖြစ်ဖို့ များစွာလိုအပ်နေဆဲဖြစ်ကြောင်း ထောက်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ဆိုရင် Eco Tourism ကိုလည်း တိုးချဲ့ဆောင်ရွက်နေတာ တွေ့ရပါတယ်။ Ecotourism မှာ Take nothing but photograph, leave nothing but footprints လို့ဆိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ Ecotourism တွေတိုးချဲ့ဆောင်ရွက်လာခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်မပျက်စီးရေးကိုလည်း တစ်ပါတည်းဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါဟာ Responsible Tourism ဖြစ်သလို Sustainable Tourism အတွက်လည်း အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ပြီးပြည့်စုံတဲ့ခရီးစဉ်တစ်ခုဖြစ်ဖို့ဆိုရင် ဒေသခံပြည်သူတွေ၊ ဆက်စပ်စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေအကြား ဟန်ချက်ညီပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ တခြားနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်းများ တိုးတက်စေဖို့ဆိုရင် မဖြစ်မနေလိုအပ်မှာကတော့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုပဲ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့အတွက် နိုင်ငံတော်ရဲ့ဦးဆောင်မှု၊ ဒေသဆိုင်ရာအစိုးရအဖွဲ့တွေရဲ့ပူးပေါင်းဆောင်ရွက်မှုတွေ အထူးလိုအပ်နေဆဲဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ခရီးသွားလုပ်ငန်းဟာ Growth and Sustainable လမ်းဆုံရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အရပ်ဘက်အဖွဲ့

အစည်းများနှင့် ဒေသဆိုင်ရာပြည်သူတွေ အတူတကွလက်တွဲဆောင်ရွက်ရမယ့်အချိန်လည်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ခရီးသွားလုပ်ငန်းတိုးတက်ရေးဟာ အဓိကကျတဲ့ ကဏ္ဍတစ်ရပ်ဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာတိုးတက်စေရုံသာမက ဒေသဆိုင်ရာတိုးတက်မှုနဲ့ ဒေသတွင်းပြည်သူတွေကိုပါ တိုက်ရိုက်အကျိုးရရှိစေမှာဖြစ်ပါတယ်။ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ဖို့အတွက် စိန်ခေါ်မှုတွေ များပြားနေတာမှန်ပေမဲ့လို့ Sustainable Tourism၊ Pro-poor Tourism နဲ့သာ အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင်မှာဖြစ်သလို ဆက်စပ်လုပ်ငန်းတွေလည်း တိုးတက်လာနိုင်ပြီး နိုင်ငံ့ရဲ့ဝင်ငွေကိုလည်း တိုးတက်လာမှာဖြစ်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့အခမ်းအနားကို ကြွရောက်လာတဲ့သူအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးတင်သွားတဲ့အဆို မြန်မာ့ခရီးသွားလုပ်ငန်းတိုးမြှင့်ဖို့နှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ဆိုတဲ့အဆိုကို ယေဘုယျအားဖြင့် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ယေဘုယျအားဖြင့်ဆိုတာက ဒီခရီးသွားလုပ်ငန်းဟာ အလုပ်အကိုင်ဝင်ငွေဖန်တီးမှုရရှိပြီးတော့ မီးခိုးမထွက်တဲ့စက်ရုံလို့တင်စားခေါ်ထားတဲ့လုပ်ငန်းတစ်ခုဖြစ်တာမို့ နိုင်ငံအတွက် အကျိုးရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခရီးသွားလုပ်ငန်းကို တိုးချဲ့ပြီးတော့မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ဆိုတဲ့အဆိုကို ဒီနေရာမှာထောက်ခံလိုပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ခရီးသွားလုပ်ငန်းဟာ လိုအပ်ချက်များစွာရှိနေပါတယ်။ ဥပမာအားဖြင့် ယနေ့ခရီးသွားလုပ်ငန်းကို ကြည့်မယ်ဆိုရင် ခရီးသွားတာကအစ၊ တည်းခိုတာကအစ၊ စားသောက်တာကအစ ကြားထဲမှာခရီးသွားတဲ့နေရာမှာ အပေါ့အပါးလေးသွားချင်တာကအစ အဆင်မပြေမှုတွေ အများကြီးရှိနေပါတယ်။ နိုင်ငံတကာခရီးသွားလုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပိုပြီးသိသာပါတယ်။ တစ်ဖန် ကျွန်တော်တို့ ဗီယက်နမ်သွားတဲ့အခါမှာ ပစ္စည်းဝယ်ချင်ရင် ဗီယက်နမ်ငွေနဲ့ဝယ်ရပါတယ်။ ဒေါ်လာပေးရင်မယူပါဘူး။ ထိုင်းကိုသွားရင် ဘတ်ငွေနဲ့၊ တရုတ်ကိုသွားရင် ယွမ်ငွေနဲ့ ဒီပိုက်ဆံတွေပေးမှ ဝယ်လို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘာဖြစ်လို့ ဒေါ်လာငွေနဲ့ရောင်းနေတာလဲ။ ကျပ်ငွေပေးမှ ရောင်းမယ်ဆိုတာမျိုးကော မရနိုင်ဘူးလားလို့ ဒီနေရာမှာ ခရီးသွားလုပ်ငန်းကို ကျွန်တော်မေးလိုပါတယ်။ နောက်တစ်ခါ ခရီးသွားလုပ်ငန်းကို တိုးချဲ့မယ်ဆိုသည့်တိုင်အောင် ခုန ကိုယ်စားလှယ်တော်ကြီးများပြသွားတဲ့ မြန်မာနိုင်ငံမှာလှပတဲ့နေရာဒေသ အမြောက်အမြားရှိပါတယ်။ ဒီဒေသတွေကို ဒီလိုလေးသွားရုံနှင့်မရပါဘူး။ ကျွန်တော်တို့ ပထမဆုံးအဲဒီနေရာကို သက်တောင့်သက်သာနဲ့ လုံလုံခြုံခြုံသွားရဖို့အရေးကြီးပါတယ်။ အခုထက်ထိ လုံခြုံရေးအရ ပိတ်ပင်ထားရတဲ့နေရာတွေ ရှိပါတယ်။ အထူးသဖြင့် နိုင်ငံခြားသားတွေမသွားဖို့ တားမြစ်ထားတဲ့၊ စိုးရိမ်ရတဲ့နေရာတွေရှိပါတယ်။ ဒါဘာကိုပြသလဲဆိုရင် ယခုကျင်းပနေတဲ့ ငြိမ်းချမ်းရေးပင်လုံညီလာခံကရလာမယ့် ငြိမ်းချမ်းရေးဟာ နိုင်ငံရေးအတွက်သာမက စီးပွားရေးအတွက်လည်း အထောက်အကူပြု အရေးကြီး

တယ်ဆိုတာ ဒီနေရာကနေ မီးမောင်းထိုးပြသလိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခရီးသွားလုပ်ငန်း တိုးမြှင့်မယ်၊ အရှိန်အဟုန်နဲ့ ဆောင်ရွက်မယ်ဆိုရင် အဲဒီနေရာကို လုံခြုံဘေးကင်းစွာနဲ့ သက်တောင့် သက်သာသွားရဖို့ လိုအပ်ပါတယ်။ အဲဒီရောက်တဲ့အခါမှာလည်း ပုပ္ပါးတောင်ကလပ်လိုဟာမျိုးကို လေးဘက်ထောက်ပြီး ကုန်းပြီး တက်ရ၊ တက်ရ။ ချွေးပြိုက်ပြိုက်ကျအောင်ပဲ လျှောက်ရ၊ လျှောက်ရ။ ခရီးသွားတဲ့ကာလမှာ အဲဒီလိုလုပ်ရပေမဲ့ နားတဲ့အချိန်မှာတော့ ခရီးသွားပြည်သူအပေါင်းက သက်တောင့်သက်သာနဲ့ ပြည့်ပြည့်ဝဝနားချင်ပါတယ်။ သူတို့ဆီမှာ အဲဒီလိုနားဖို့ နေရာတွေရှိပြီလား။ အဲဒီလိုနားနိုင်အောင်လုပ်ပေးထားတဲ့ အခြေခံအဆောက်အဦတွေပြည့်စုံပြီလား။ ဒါတွေလိုအပ်ပါတယ်။ အဲဒီတော့ ခရီးသွားလုပ်ငန်းကို ကျွန်တော်တို့တွေက နေရာလှရုံတစ်ခုတည်းနဲ့မရဘဲနဲ့ အခြားလိုအပ် ချက်များစွာရှိပါတယ်။ ထို့အတူ တတ်နိုင်ရင် နိုင်ငံခြားက ဒီလိုနေရာတွေကို ခရီးသွားလုပ်ငန်းတစ်ခု ဖြစ်အောင် Infrastructure လို့ခေါ်တဲ့ လိုအပ်တဲ့အဆောက်အဦတွေ၊ လိုအပ်တာတွေကို ပြုပြင် ဆောက်လုပ်ပေးတဲ့၊ ဖန်တီးပေးတဲ့ ပညာရှင်ကြီးများရှိပါတယ်။ အဲဒီပညာရှင်ကြီးများကို အကုန်အကျ ခံခေါ်ပြီးတော့မှ၊ ပြုပြင်ပြီးတော့မှ ဒီနေရာကို ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် လူထုပရိတ်သတ်ကို၊ ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသတွင်းမှာ အခုနကလို လှပတဲ့နေရာတွေရှိရဲ့သားနဲ့ သူတို့နိုင်ငံဟာ ခရီးသွားဧည့်သည်နည်းနေရတာဟာ တကယ်တမ်း စဉ်းစားကြည့်မယ်ဆိုရင် မဆန်းပါဘူး။ ပြည်တွင်းမှာရှိတဲ့လူတောင်မှ ကိုယ့်ပြည်တွင်းမှာမလည်ဘဲနဲ့ ဘန်ကောက်သွားလည်တာ၊ ချင်းမိုင်သွားလည်တာ၊ စင်ကာပူဈေးဝယ်ထွက်တာ။ ဒီလိုလူတွေပိုပြီး များလာပါတယ်။ ဒါကြောင့်မို့လို့ ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့်ချင်တယ်ဆိုရင် တကယ့်အခြေခံ လိုအပ်ချက်တွေ ပြည့်ပြည့်စုံစုံဖြစ်အောင် အရင်ဖန်တီးပြီးမှ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဒေသကိုဆောင်ရွက် ပြီးမှ လုပ်ဆောင်လို့ရနိုင်မယ်ဆိုတာကို ပြောကြားရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်နေ့က ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွား မှာဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှု တို့ကြောင့်လည်းကောင်း၊ ခရီးသွားလာရေးအဆင်ပြေချောမွေ့အောင် လမ်း၊ တံတားများအပါအဝင် အခြေခံအဆောက်အဦများ တိုးချဲ့တည်ဆောက်ပြုပြင်ခြင်းများကြောင့်လည်းကောင်း ကမ္ဘာလှည့် ခရီးသွားများဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာလာရောက်လည်ပတ်လျက်ရှိပါတယ်။ ခရီးသွား လုပ်ငန်းဟာ မြန်မာ့စီးပွားရေးရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာတင် ပြည်တွင်းစုစုပေါင်း ကုန်ထုတ်လုပ်မှုတန်ဖိုးရဲ့ ၄.၈ ရာခိုင်နှုန်းကို ကူညီထောက်ပံ့ပေးခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ခရီးသွားလုပ်ငန်းဟာ ရေရှည်ပြုစုပျိုးထောင်ရတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းဟာ ဒေသခံလူထုရဲ့ စီးပွားရေးအကျိုးအမြတ်ကို ထောက်ပံ့ပေးဖို့နဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အားပေးထောက်ခံရန် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ထားတဲ့ အားပေးထောက်ခံတဲ့

အုပ်စုများလည်း ရှိနေပါတယ်။ ဒီ့အပြင် တိုးပွားလာတဲ့ ခရီးသွားအရေအတွက်ကြောင့် အစုလိုက် အပြုံလိုက် ခရီးသွားလာမှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်တဲ့အခြေအနေကိုလည်း ဆိုက်ရောက်လာနိုင်ပါတယ်။ အဲဒီလိုမဖြစ်ပေါ်လာဖို့ မြန်မာနိုင်ငံအစိုးရဟာ တာဝန်သိခရီးသွားလုပ်ငန်းကို အားပေး မြှင့်တင်ပေးရပါမယ်။ ရေရှည်တည်တံ့ပြီး လူမှုအဖွဲ့အစည်းများပါဝင်တဲ့ ခရီးသွားလုပ်ငန်းရဲ့ အနာဂတ်သေချာအောင် အမျိုးမျိုးသောစီမံကိန်းများနှင့် ချဉ်းကပ်နည်းများကို ထောက်ပံ့ပေးဖို့လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရဲ့ အခြေခံဖြစ်တဲ့ အရင်းအမြစ်များရှိသလို ကျွန်မတို့ ကရင်ပြည်နယ်မှာဆိုရင်လည်း သာယာလှပတဲ့သဘာဝရေမြေတောတောင်များ၊ ရိုးရာဓလေ့ထုံးတမ်းများရှိပြီး ခရီးသွားများကို ဆွဲဆောင်နိုင်ကြောင်း ကြော်ငြာဝင်တင်ပြလိုပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ကရင်ပြည်နယ်မှာရှိတဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်များနှင့် သဘာဝရှုခင်းအလှများပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ ဘုရားစေတီပုထိုးများပဲဖြစ်ပါတယ်။ သဘာဝလှိုဏ်ဂူများနှင့် လှိုဏ်ဂူအတွင်းမှာရှိတဲ့ ဘုရားစေတီများပဲဖြစ်ပါတယ်။ သဘာဝရေတံခွန်များနှင့် သဘာဝလည်ပတ်စရာရှုခင်းအလှများပဲ ဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ခရီးသွားလာရေးမူဝါဒ ခြောက်ရပ်ဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့ခရီးသွားလုပ်ငန်းရဲ့ ကိန်းဂဏန်းကိုတင်ကြည့်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခရီးသွားလူဦးရေ ၅၅ သိန်း ၄ သောင်းကျော်ရှိပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ၅ သိန်း ၃ သောင်းကျော်ပဲရှိပါတော့တယ်။ ဒီကိန်းဂဏန်းကိုကြည့်ရင် မြန်မာ့ခရီးသွားလုပ်ငန်းဟာ အိမ်နီးချင်းဘယ်နိုင်ငံနဲ့မှ မယှဉ်နိုင်လောက်အောင် အရည်အတွက်နည်းပါးပြီး မဖွံ့ဖြိုးသေးဘူးလို့တော့ လေ့လာမှတ်သားလိုက်ရပါတယ်။ ဒီလိုအခြေအနေတွေအောက်မှာ မြန်မာ့ခရီးသွားဥပဒေကြမ်းမှ လိုင်စင်မရှိဘဲနဲ့ ဧည့်လမ်းညွှန်လုပ်နေလို့ ပြစ်မှုထင်ရှားရင် ထောင်ဒဏ်တစ်နှစ်ဖြစ်စေ ကျပ်သိန်း ၂၀ အထိဖြစ်စေ ပေးရပါမယ်။ ဒဏ်နှစ်ရပ်ဖြစ်စေ ကျခံရမယ်လို့လည်း ထည့်သွင်းထားပါတယ်။ ဒီ့အပြင် ဧည့်လမ်းညွှန်လုပ်ငန်းကို လွှဲပြောင်းတာ၊ လက်ခံတာဆိုရင်လည်း ထောင်တစ်နှစ်ဖြစ်စေ ထောင်ဒဏ်၊ ငွေဒဏ်ဖြစ်စေ ကျခံရမယ်ဆိုပြီး ဖော်ပြထားပါတယ်။ ဒါတင်မက လိုင်စင်မရှိဘဲ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလာရေးဆိုင်ရာ အခြားဝန်ဆောင်မှုတွေပြုလုပ်ပါက ထောင်ဒဏ်သုံးနှစ်အထိ ငွေဒဏ်ဆိုရင် ကျပ်သိန်း ၂၀၀ အထိ ထောင်ဒဏ်ရော၊ ငွေဒဏ်ပါ ကျခံစေရမယ်လို့ ထည့်သွင်းထားတာကို လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းဟာ မြန်မာ့ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေမှာလား လက်ရှိမြန်မာ့ခရီးသွားလာရေးလုပ်ငန်း အကောင်အထည်ဖော်ရာမှာ မည်သည့်အားနည်းချက်တွေ ဖြစ်ပေါ်နေသလဲဆိုတာကိုလည်း ဆန်းစစ်သုံးသပ်သင့်ပါတယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်အနေနဲ့ ခရီးသွားလုပ်ငန်းနယ်ပယ်မှာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်ရဲ့ရလာဒ်ကောင်းများပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှာပါဝင်ပတ်သက်တဲ့သူများအားလုံးဟာလည်း တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်နှင့် လုပ်ဆောင်ကြပြီးတော့ ခရီးသွားလုပ်ငန်းရဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း ပြောကြားရင်းနဲ့ ဦးမြင့်ဦး၊

သနပ်ပင်မဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ဖြစ်ပါတယ်။ ၂၅-၅-၂၀၁၈ ရက်နေ့က သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံဆွေးနွေးပြီး အကြံပြုချက်များ၊ သုံးသပ်ချက်များ တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်က ခရီးသွားလုပ်ငန်းကို ပုံစံအမျိုးမျိုးနဲ့ မြှင့်တင်ဆောင်ရွက်ဖို့ အစိုးရကိုတိုက်တွန်းတာဖြစ်တဲ့အတွက် ကျွန်မမဲဆန္ဒနယ်မှ ခရီးသွားလုပ်ငန်းနဲ့ဆိုင်တဲ့အခြေအနေကိုလည်း ဥပမာအဖြစ် တင်ပြလိုပါတယ်။ ၃-၈-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း၏ ဖြေကြားချက်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး နဝဒေးတံတားမှ ရွှေဘုံသာမုနိဘုရားကြားမှာ Tourism Attractive Zone အဖြစ် သတ်မှတ်လျာထားကြောင်း ပါဝင်ပါတယ်။ အခုတော့ ဟိုတယ်အချို့ဆောက်နေတာကလွဲလို့ အခြားစီစဉ်ဆောင်ရွက်တာကတော့ မမြင်တွေ့ရသေးပါဘူး။ အဆိုပါသတ်မှတ်နယ်မြေရဲ့အနီးအနားမှာ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်တဲ့ နိုင်ငံတော်ဘုရားတွေ၊ နိုင်ငံကျော်ဘုရားတွေနဲ့ ဒေသအချို့ကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ Tourism Attractive Zone လုပ်မယ့် ဒေသရှိ နိုင်ငံတော်ဘုရားဖြစ်တဲ့ ရွှေဘုံသာမုနိဘုရားဖြစ်ပါတယ်။ အနီးအနားမှာရှိတဲ့ နိုင်ငံတော်ဘုရားဖြစ်တဲ့ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က နှစ်ကြိမ်တိုင်တိုင်ခြေချသွားတဲ့ ဖိုးဦးတောင်ဘုရားနှင့် ခမ်းနားတိုးတက်လာတဲ့ ဦးကျော်သူဘုရားတို့ဖြစ်ပါတယ်။ မလှမ်းမကမ်းမှာရှိတဲ့ ခရီးသွားများကို ဆွဲဆောင်နိုင်တဲ့ ဘုရားကုန်းတောင်ပေါ်ရှိ ဗောဓိတစ်ထောင်ဘုရားများဖြစ်ပါတယ်။ ဒါကလည်း ဗောဓိတစ်ထောင်ဘုရားများရှိရာဒေသပဲဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်တဲ့ ပန်းတောင်းမြို့နယ်ထဲက စီးပွားရေးဖွံ့ဖြိုးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုဆုံရာ ဥသျှစ်ပင်မြို့ပဲဖြစ်ပါတယ်။ ကြံခင်းမြို့နယ်ထဲမှာ ဘုရားတည်ရှိနေပေမဲ့ ထုံးဖိုအကောက်တောင်ဟု ထင်ရှား ကျော်ကြားနေတဲ့ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များရှိတဲ့ဒေသဖြစ်ပါတယ်။ ၂၀-၁၂-၂၀၁၆ ရက်နေ့က အဆိုပါဒေသကို Tourism အဖြစ် တိုးချဲ့လုပ်ကိုင်ရန်အတွက် လွှတ်တော်မေးခွန်း ဖြေကြားချက်မှာ ထုံးဖိုဒေသမှာ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များရှိပါသော်လည်း ကားလမ်း၊ လျှပ်စစ်မီး စတဲ့ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရန်လိုအပ်နေကြောင်း ပါဝင်ပါတယ်။ ထိုအခြေအနေများ ကိုကြည့်ခြင်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ Tourism Attractive Zone အကောင်အထည်ဖော်ဖို့လျာထားပေမဲ့ အနီးအနားတစ်ဝိုက်မှာ ခရီးသွားဒေသနှင့်တွဲပြီး လည်ပတ်နိုင်အောင် စီစဉ်ပေးတာမျိုးဆွဲဆောင်ပေးတာမျိုးအတွက် ကြိုတင်ပြင်ဆင်တာတွေ မရှိသေးကြောင်း တွေ့ရှိရပါတယ်။ ယခုအချိန်ဟာ တိုင်းပြည်ပြန်လည်ရုန်းထပြီး ကြိုးစားတည်ဆောက်နေတာဖြစ်လို့ မှားယွင်းတဲ့ရင်းနှီးမြှုပ်နှံမှုမဖြစ်ဖို့ လိုအပ်သလို ရင်းနှီးသင့်တဲ့နေရာမှာလည်း အစိုးရက ရင်းနှီးမြှုပ်နှံပြီး လိုအပ်ရင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဖိတ်ခေါ်ရမှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ခရီးသွားလုပ်ငန်းနှင့် မြန်မာ့ပကတိအခြေအနေကို တင်ပြလိုပါတယ်။ တစ်ကမ္ဘာလုံးရှိ GDP ရဲ့ ၉.၅ ရာခိုင်နှုန်းဟာ ခရီးသွားလုပ်ငန်းမှာဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍတွင် အကြီးမားဆုံးနှင့် အရှိန်အဟုန်မြင့်မားစွာ တိုးတက်နေတဲ့၊ ဖွံ့ဖြိုးနေတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ် အလျင်အမြန်ဖွံ့ဖြိုးနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လည်း အားလုံးက အသိအမှတ်ပြုလာကြပြီဖြစ်သလို ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လွန်စွာအထောက်အပံ့ပေးသော လုပ်ငန်းကြီးလည်းဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းကို အကောင်းဆုံးဝန်ဆောင်မှုများနှင့် ဆွဲဆောင်ရန်သာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုဆိုင်ရာအခြေခံအဆောက်အအုံတွေဖြစ်တဲ့ သာယာလှပသော သဘာဝရေ၊ မြေ၊ တောတောင်၊ ရှုခင်းများ၊ ပင်လယ်ကမ်းခြေများ၊ သမိုင်းဝင်အမွေအနှစ်များ၊ တိုင်းရင်းသားများရဲ့ ရိုးရာဓလေ့ထုံးတမ်းများအပြင် အရှေ့တောင်အာရှမှာ မြန်မာတစ်နိုင်ငံတည်းကသာ ခါကာဘိုရာဇီဒေသလို ရေခဲတောင်ဖုံးလွှမ်းတဲ့ဒေသကို ပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်ပေမဲ့ မြန်မာ့ခရီးသွားလုပ်ငန်းမှာ လက်ရှိစိန်ခေါ်မှုများစွာရှိနေပါတယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မီဒီယာများရဲ့ ရေးသားဖော်ပြချက်တွေက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကြားမှာရော ခရီးသွားများကြားမှာပါ စိုးရိမ်ပူပန်စိတ်များမြင့်တက်အောင် တွန်းပို့ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ရင် ရှေ့တစ်လှမ်းတိုးရမှာကို နောက်နှစ်လှမ်းဆုတ်ရတဲ့အခြေအနေဖြစ်နေလို့ ဒီကဏ္ဍကို အောင်မြင်အောင် ဆွဲတင်နိုင်ဖို့ဆိုရင် လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့အပါအဝင် လိုအပ်ချက်တို့ကို အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံများ၏ ခရီးသွားအဖွဲ့ (UNWTO) မှာဖွဲ့ပြီး ၄၂ နှစ်အကြာ ၂၀၁၂ ခုနှစ်မှ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊ ၂၀၁၇ ခုနှစ် ထုတ်ပြန်ချက်အရ အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းကျဆင်းမှုအများဆုံးနိုင်ငံဖြစ်ခြင်း၊ မကြာခင်က ကမ္ဘာ့ဘဏ်မှထုတ်တဲ့အစီရင်ခံစာမှာလည်း ခရီးသွားလုပ်ငန်းမရေရာမှုရှိကြောင်း ပါဝင်ခြင်း စတဲ့အခြေအနေတွေကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အစီအမံကောင်းတွေ၊ အားဖြည့်ဆောင်ရွက်မှုတွေ လိုအပ်နေပြီဆိုတာ မြင်သာနေပါပြီ။

ဥက္ကဋ္ဌကြီးရှင့်။ အထက်ပါတင်ပြချက်များအရ ဒီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရင်းအနှီး၊ နည်းပညာ၊ အခြေခံလိုအပ်ချက် ဘာမှမရှိသေးတဲ့ မနိုင်ဝန် ထမ်းပြီးဆောင်ရွက်ရတာမျိုးမဟုတ်ဘဲ တိုင်းပြည်ရဲ့ပကတိတည်ရှိနေမှုအပေါ်မှာ စီမံခန့်ခွဲမှုကောင်းဖို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက်ဖို့သာ လိုအပ်နေတာဖြစ်လို့ မိမိတိုင်းပြည်နှင့် နိုင်ငံသားတို့အကျိုးစီးပွားအတွက် ယခုအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာပါဝင်တဲ့ မြန်မာ့သဘာဝအလှများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရအထိမ်းအမှတ်များဖြစ်တဲ့ ဘုရား၊ ပုထိုး၊ စေတီများဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် အလားအလာကောင်းများဖြစ်တယ်ဆိုတာ မှန်ပါတယ်။ ကျွန်မအနေနဲ့လည်း ကျွန်မတို့ရဲ့ပြည်ခရိုင်ဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သမိုင်းဝင်အထင်ကရ ဘုရား၊ ပုထိုး၊ စေတီများ တည်ရှိနေတာဖြစ်

လို့ ခရီးသွားလုပ်ငန်းကို ယခုထက်ပို၍ တွင်ကျယ်စေချင်ပါတယ်။ ရွှေတောင်မြို့နယ်ဟာ ကမ္ဘာ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ သရေခေတ္တရာ ပြည်မြို့ နှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပျူခေတ်သမိုင်းကြောင်းအရလည်း တစ်ဆက်တည်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ Heritage Area မှာတော့ ရွှေတောင်မပါဘူးလို့ သိရပါတယ်။ ရွှေတောင်မြို့ရဲ့ နယ်နိမိတ် အစပ် Toll Gate မှာတော့ ပျူခေတ်လက်ရာများ၊ ရုပ်ပုံများနှင့် မုဒ်ဦးတည်ဆောက်ထားပါတယ်။ ဒါဟာ ဖြစ်သင့်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ကတော့ ရွှေတောင်မြို့နယ်ကို ပြည်မြို့နဲ့အပြိုင် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးစေချင်ပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့ ဖွံ့ဖြိုးအောင် တစ်ပါတည်း ကူညီပံ့ပိုးပေးစေလိုပါတယ်။ ဒေသခံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာပေးခြင်းများ ပြုလုပ်ပေး စေလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒါကတော့ သမိုင်းဝင် ရွှေနတ်တောင်စေတီတော် ဖြစ်ပါတယ်။ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်မှာ ဂေါတမဘုရားရှင်ဟာ ယခုစေတီတော်တည်ရှိရာ ဒေဝါဂီရိ နတ်တောင်ကိုကြွရောက်လာပြီး ရွှေရောင်တောက်ပသောနတ်သားအသွင်ဖန်ဆင်းပြီး ကဥ္စနာဂီရိ နိဂုံးသူ နိဂုံးသားတို့ကို တရားဒေသနာများ ဟောကြားခဲ့ပါတယ်။ ထို့နောက် ဘုရားရှင်ရဲ့ကိုယ်စား ရုပ်ပွားတော်နတ်ရုပ်ကို တည်ထားပေးခဲ့ရာမှ နိဂုံးသူနိဂုံးသားတို့က ထိုခေတ်က အုတ်၊ အင်္ဂတေတို့ဖြင့် စေတီတည်ခဲ့ပြီး နေ့အချိန်မှာ လူတို့ကတစ်ရစ်၊ ညအချိန်မှာ နတ်တို့ကတစ်ရစ် တည်ခဲ့တယ်လို့ သမိုင်းအဆို ရှိခဲ့ပါတယ်။ ထို့နောက် ပျူခေတ်မှာ ဆက်လက်ပြီးတော့မွမ်းမံခဲ့တယ်လို့ သိရပါတယ်။ ရွှေနတ်တောင်စေတီရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ စေတီပုထိုးတွေနဲ့ မယားမန်ရွာ စသည်တို့ဟာ သရေခေတ္တရာ ပျူခေတ်ရဲ့ သမိုင်းကြောင်းများသာဖြစ်ခဲ့ပါတယ်။ ဒါကတော့ ဒီလိုလွှမ်းမိုးမှုတွေနဲ့ လာကြတဲ့ယဉ်ကျေးမှုဟာ ယခုထက်အထိ ရှိနေပါသေးတယ်ရှင်။ ဒါကတော့ ရွှေနတ်တောင်ဘုရား ကိုသွားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီမှာဆိုရင် နှစ် ၁၀၀ ကုက္ကိုလ်ပင်တွေရှိနေပါသေးတယ်။ ဒီလမ်းဟာ ဆယ်စုနှစ်တစ်စုစာ တော်တော်ကို ဆိုးဆိုးရွားရွားပျက်ခဲ့ပါတယ်။ အဲဒီအခါမှာ ဘုရားဖူးတွေ အဝင်/အထွက် အလာနည်းသွားပါတယ်။ အခု ၂၀၁၆-၂၀၁၇ နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များမှာ ပြုပြင်ပေးနိုင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဘုရားဖူးခရီးသွားများ ပြန်လည်ပြီးတော့စည်ကားလာတာ ဖြစ်ပါတယ်ရှင်။ ဒါကတော့ သမိုင်းဝင်ထင်ရှားတဲ့ ရွှေမျက်မှန်ဘုရားကြီးဖြစ်ပါတယ်။ ရွှေတောင်မြို့ရဲ့ သမိုင်းဝင်ဘုရားများကို ပျူခေတ်မှာပဲ ပြင်ဆင်မွမ်းမံတည်ထားခဲ့ကြတာဖြစ်ပြီးတော့ ကျေးရွာ၊ ရပ်ကွက် အခေါ်အဝေါ်များကပါ ပျူခေတ် သမိုင်းများနှင့်ဆက်စပ်နေပါတယ်။ ထို့နောက် ခေတ်အဆက်ဆက် မွမ်းမံမှုများရှိခဲ့သော်လည်းပဲ အဟောင်းကိုအဟောင်းအတိုင်း အထောက်အထားများလည်း ရှိနေပါ တယ်။

ဒါကတော့ ရန်ကုန်-ပြည်လမ်းပေါ်မှာရှိနေတဲ့ ရဟန္တာ ၈၀ ရှေးဟောင်းရုပ်ပွားတော်များဖြစ်ပါ တယ်။ ဒီရုပ်ပွားတော်များကို ရှေးဟောင်းသုတေသနကနေပြီးတော့ ထိန်းသိမ်းပေးထားပါတယ်။ ဒီလို အလားတူ အဆူ ၈၀ နှင့်သိမ်တော်များဟာ ရွှေတောင်မြို့ရဲ့အနီးအရှေ့တောင်ဘက် ပေကုန်းရွာမှာ တစ်နေရာ၊ ရွှေတောင်မြို့ရဲ့အနောက်တောင်ဘက် ဆင်သေရွာမှာတစ်နေရာ တူးဖော်တွေ့ရှိရပြီးတော့ နေထွက်သိမ်၊ နေဝင်သိမ်၊ မွန်းတည့်သိမ်တို့အဖြစ်နဲ့ သတ်မှတ်ခေါ်ဝေါ်တယ်လို့ သိရပြီး အင်းဝခေတ် နှောင်းပိုင်းလက်ရာများလို့ သိရပါတယ်။ ပြုပြင်မွမ်းမံထားတာများလည်းရှိသလို အဟောင်းကို အဟောင်းအတိုင်း ရှေးမူမပျက်ထိန်းသိမ်းထားတာလည်း ရှိပါတယ်။ ပြည်တွင်းပြည်ပသမိုင်းပညာရှင်၊

ရှေးဟောင်းသုတေသနပညာရှင်များ၊ ကျောင်းသားများလေ့လာလို့ သင့်တော်တဲ့နေရာများ ဖြစ်ပါတယ်။ အခြားထင်ရှားတာတွေကတော့ ကျီးထပ်လေးထပ်ကျောင်း၊ မြို့မရွာအနီးမှာရှိတဲ့ အုတ်ရိုးလမ်းဟောင်း စသည်တို့ဟာ ရှေးဟောင်းအထိမ်းအမှတ်များအဖြစ်နဲ့ ထင်ရှားပါတယ်။

ဒါကတော့ ရွှေတောင်မြို့အဝင်က Toll Gate က မုဒ်ဦးဖြစ်ပါတယ်။ ဒီမှာ ပျူခေတ်လက်ရာများနှင့် ပျူခေတ်ရုပ်ပုံများပါဝင်ပြီးတော့ တည်ဆောက်မှာဖြစ်ပါတယ်။ တည်ဆောက်ဆဲဖြစ်ပါတယ်။ ဒါတွေကတော့ ဒေသရဲ့ထင်ရှားတဲ့အစားအစာများဖြစ်ပါတယ်။ ဒီဖော်ပြပါလုပ်ငန်းတွေဟာ ဒေသခံတို့ရဲ့စီးပွားရေးလုပ်ငန်းများဖြစ်ပါတယ်ရှင်။ ဒါကတော့ ရန်ကုန်-ပြည်လမ်းတစ်လျှောက်မှာ ဆိုးဆိုးရွားရွားပျက်စီးနေတဲ့လမ်းပိုင်းများဖြစ်ပါတယ်။ တကယ်တော့ သရေခေတ္တရာ ပြည်မြို့ကိုလာမယ်ဆိုရင် ကုန်းလမ်းပဲရှိပါတယ်။ ရထားနဲ့စာရင် ကားလမ်းကို ပိုပြီးတော့ အသုံးများပါတယ်။ ဒီလိုလမ်းဆိုးနေတာနဲ့တော့ မဖြစ်နိုင်ပါဘူးရှင်။ ခရီးသွားလုပ်ငန်းများမြှင့်တင်ဖို့ရာအတွက် လမ်းကောင်းဖို့အထူးလိုအပ်ပါတယ်။ ဒီရန်ကုန်-ပြည်လမ်းပိုင်းကို တာဝန်ယူဆောင်ရွက်နေတာ မက်စ်ကုမ္ပဏီလို့ သိရပါတယ်ရှင့်။ ပြည်ပခရီးသည်များဟာ ဒီကားလမ်းကိုအသုံးပြုကြတာများပါတယ်။ ဒီလမ်းပိုင်းတစ်လျှောက်က ရွှေတောင်ကနေ ဝက်ပုတ်၊ ထို့နောက် ပေါင်းတည်ကနေပြီးတော့ ကြို့ပင်ကောက်တစ်ဆက်တစ်စပ်တည်းပေါ့နော်။ လမ်းတစ်လျှောက်လုံးမှာ ဒီလိုပဲ ချိုင့်ခွက်တွေနဲ့ ဆိုးရွားနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သရေခေတ္တရာ ပြည်မြို့ရဲ့ ခရီးသွားလုပ်ငန်း၊ ပတ်ဝန်းကျင် ပြည်ခရိုင်ရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ဆိုတာဟာ လမ်းကောင်းဖို့အထူးလိုအပ်ပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အေးချမ်းသောအရပ်ဒေသများတွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းကို ဖော်ဆောင်ပေးခြင်းအားဖြင့် ပြည်သူတို့၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေတဲ့အပြင် လူနေမှုအဆင့်အတန်း၊ အတွေးအခေါ်များပါ တိုးတက်ပြောင်းလဲစေပါတယ်။ ယခင်က ကိုလိုနီရဲ့တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်မှုကြောင့် ကျန်ရစ်ခဲ့တဲ့အတွေးအခေါ်ဟောင်းတွေ၊ တိုင်းရင်းသားဒေသအသီးသီးအတွင်းမှာလည်း သူ့အကြောင်းငါမသိ ငါ့အကြောင်းသူမသိ၊ တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းဖြစ်ခဲ့ကြလို့ စည်းလုံးညီညွတ်မှုတွေပျက်ပြားခဲ့တာကို လူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝကိုအခြေပြုတဲ့ခရီးသွားလုပ်ငန်းဖြင့် ကုစားလို့ရပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွင်တွင်ကျယ်ကျယ် ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ပြည့်စုံကြွယ်ဝတွေ့မှုများလာရင်တော့ ပုဂ္ဂိုလ်ခင်ရင် တရားမြင်လာနိုင်ကြပါလိမ့်မယ်။ ဒါကြောင့် နိုင်ငံတော်အတွက် အေးချမ်းမှု၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လှမ်းမှ အထောက်အကူပြုစေမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းနှစ်မျိုး ခွဲခြားလို့ရပါတယ်။ ပထမတစ်မျိုးမှာ ကျေးရွာအတွင်းရှိ ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားတဲ့ ဒေသခံများမှအတူတကွ ရင်းနှီးမြှုပ်နှံပြီး ဝန်ဆောင်မှုပေးရတဲ့ခရီးသွားလုပ်ငန်းဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ကျေးရွာအတွင်း ရှိဒေသခံများနှင့် ပူးပေါင်းပါဝင်ပြီး အကျိုးတူလုပ်ငန်းလုပ်ဆောင်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ လေ့လာ သိရှိရသလောက် အကျိုးတူလုပ်ငန်းများဟာ ပို၍ကျယ်ပြန့်တယ်။ ချိတ်ဆက်မှုအားကောင်းတယ်။ ညှိနှိုင်းတိုင်ပင်ပေါင်းစပ်၍ အများဆန္ဒနှင့်အညီ ဒီမိုကရေစီဆန်စွာဆောင်ရွက်ရတဲ့အတွက် ပို၍ အောင်မြင်ကြောင်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအနေဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်မှ ၃၀ ရက်နေ့အထိ တိုင်းရင်းသားဒေသများဖြစ်သော ကယားပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ် တဲ့နယ်မြေများတွင် လေ့လာရေးသွားရောက်ခဲ့ပါတယ်။ ခရီးစဉ်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) မှဖော်ဆောင်နေတဲ့ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း၏အောင်မြင်မှုအခြေအနေကိုပါ လေ့လာခဲ့ရ ပါတယ်။ အကြောင်းစုံ၍တင်ပြဆွေးနွေးပါရစေ။ Power Point ဖြင့်တင်ပြခွင့်တောင်းခံအပ်ပါတယ်။ တင်ပြပါပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆက်စပ်နယ်မြေများတွင် ကျေးရွာအခြေပြုခရီးသွား လုပ်ငန်းဆောင်ရွက်ဆောင်ရွက်လိုကြောင်း ပြည်ထောင်စုအစိုးရသို့တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရမှ ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာပေါင်း ၁၂ ရွာကို စွန့်ပစ်ခဲ့ပါတယ်။ ၎င်းထဲမှ ကျေးရွာသုံးရွာဖြစ်တဲ့ ကျောက်တလုံးမြို့နယ်ခွဲမှ ထိနဲ့ရွာ၊ ညောင်ရွှေမြို့နယ်မှ အင်းတိန်ရွာ၊ လွယ်ခေါ်ရွာတို့ကို စတင် အကောင်အထည်ဖော်ခဲ့ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီမှ ကွင်းဆင်းလေ့လာတဲ့မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ထိနဲ့ရွာ၊ ကျေးနီရွာ၊ လွယ်ခေါ်ရွာ စသည့်ကျေးရွာသုံးရွာမှ လူထုအခြေပြုတဲ့ခရီးသွားလုပ်ငန်းဖော်ဆောင်တဲ့ဓာတ်ပုံတွေဖြစ်ပြီးတော့မှ ပြည်တွင်းဧည့်သည်များ၊ နိုင်ငံခြားဧည့်သည်များ တည်းခိုနေထိုင်စားသောက်နိုင်ရန် နေရာထိုင်ခင်း များ၊ တိုင်းရင်းသားအစားအစာ ချက်ပြုတ်တည်ခင်းဧည့်ခံနေတဲ့ပုံများနှင့် ပတ်ဝန်းကျင်သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်သော သဘာဝပတ်ဝန်းကျင်များကိုလည်း ဆောင်ရွက်ထားတာတွေ့ရတာဖြစ်ပါ တယ်။ ဒါက ဧည့်သည်တော်များ လေ့လာနိုင်ရန်အတွက် ရိုးရာလက်မှုလုပ်ငန်းနှင့် လုပ်ငန်းကိုင်ငန်း များကို ဖော်ပြထားတဲ့ဓာတ်ပုံဖြစ်ပါတယ်။ ကြွရောက်လာတဲ့ဧည့်သည်များကို တိုင်းရင်းသားများရဲ့ ရိုးရာ၊ ဂီတ၊ အက၊ မီးပုံပွဲများနှင့် ကြိုဆိုဧည့်ခံနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀-၁-၂၀၁၇ ခုနှစ်မှာ အာဆီယံအသိအမှတ်ပြုဆုကို လက်ခံရယူထားတဲ့ပုံဖြစ်ပါ တယ်။ လူမှုရေးဆိုင်ရာ တာဝန်သိခရီးသွားလုပ်ငန်းစုကို ၂၀၁၇ ခုနှစ်၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ဆုပေးတဲ့ပုဂ္ဂိုလ် လက်ခံရယူထားတဲ့ပုံဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ချီးမြှင့် သော ၂၀၁၇ ခုနှစ်ဆုကို ဖော်ပြထားတဲ့ဓာတ်ပုံဖြစ်ပါတယ်။ ဒါကနေ့စဉ်လုပ်ဆောင်နေတဲ့လုပ်ငန်းများ ကို တိုးတက်မှုပြထားတဲ့ဇယားဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းများကို ဖော်ဆောင်လို့ရှိရင် ရရှိနိုင်တဲ့အကျိုးကျေးဇူးများကို ဖော်ပြထားတာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသား ပေါင်းစုံ၊ ပန်းပေါင်းစုံပွင့်ဖူးနေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့

ရေတံခွန်တွေ၊ ကျောက်ဆစ်ကျောက်ကလပ်တွေ၊ ရေပူစမ်းတွေ၊ သဘာဝတစ်ခုချင်းတွေဟာ သဘာဝကပေးတဲ့အလှတရားတွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်နေရာအနှံ့မှာရှိတဲ့အတွက် သဘာဝအလှတရားကို ဆာလောင်မွတ်သိပ်နေတဲ့နိုင်ငံခြားသားတွေ။

**ဥက္ကဋ္ဌ**။ ။ ရှွေကျောင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရှွေကျောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရှွေကျောင်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်အရ ရွေးချယ်ခံရတဲ့ အစိုးရအပေါ်မှာထားတဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်၊ လိုလားချက်တွေက ပြည်သူတွေရဲ့နောက်ခံအခြေအနေ၊ ပညာအရည်အချင်းအလိုက်အမျိုးမျိုးကွဲပြားနိုင်ပါတယ်။ တချို့တွေက ငြိမ်းချမ်းရေးကို အဓိကလိုလားတောင့်တတယ်။ တချို့တွေက လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာဖို့ကိုလိုတယ်။ တချို့တွေကတော့ ပညာရေးပြုပြင်ပြောင်းလဲမှုကိုလိုတယ်။ စသဖြင့် အစိုးရအပေါ် မျှော်လင့်ချက်များစွာထားကြပါတယ်။ ဒီမှာသေချာတာတစ်ခုကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မြင့်နဲ့နေဖို့ကို ပြည်သူပြည်သားတိုင်းက လိုလားတောင့်တကြတာဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တိုင်းပြည်အတွင်းမှာ လည်ပတ်စီးဆင်းနေတဲ့ငွေကြေးအပြင် နိုင်ငံခြားဝင်ငွေရရှိရေးကလည်း များစွာအရေးပါပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့စီးပွားရေးဆိုင်ရာမူဝါဒ(၁၂)ချက်ရှိရာမှာ အပိုဒ် ၁၂ မှာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားသောဒေသများတွင်လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသောအခြေအနေများကိုဖော်ထုတ်၍ မိမိတို့စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်လို့ ချမှတ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ မနေ့ကပါ။ အဲဒီမှာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးတိုးတက်မှုနှုန်းနဲ့ပတ်သက်ပြီးတော့မှ ပြည်ထောင်စုလွှတ်တော်ကို ကဏ္ဍကြီးအလိုက်တင်ပြရာမှာ လယ်ယာကဏ္ဍကြီးမှာ ၂.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးမှာ ၉.၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးမှာ ၈.၈ ရာခိုင်နှုန်းတိုးတက်ဖို့ မျှော်မှန်းထားကြောင်းကို ကျွန်တော်တို့တင်ပြခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးဆိုင်ရာမူဝါဒအမှတ်စဉ်(၁၂)အရ စီးပွားရေးလုပ်ငန်းများကို အာဆီယံအပြင် အခြားဒေသများက အခြေအနေကိုလည်း သုံးသပ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကဏ္ဍကြီးအလိုက် လေ့လာသုံးသပ်တဲ့အခါမှာ လယ်ယာကဏ္ဍကြီးအနေနဲ့ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့လယ်ယာကဏ္ဍဟာ ထုတ်လုပ်မှုနဲ့ဈေးကွက်အခြေအနေဟာ နိုင်ငံတကာနဲ့ယှဉ်ဖို့အတွက် များစွာလုပ်ဖို့လိုပါသေးတယ်။ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာအခြေတကျဖြစ်ဖို့ ပြင်ဆင်နေရတဲ့အခြေအနေဖြစ်ပါတယ်။ စက်မှုကဏ္ဍကိုလည်းကြည့်မယ်ဆိုရင်လည်း နိုင်ငံတကာကိုယှဉ်ပြိုင်နိုင်ဖို့နဲ့ ဈေးကွက်မှာပါဝင်ဖို့ များစွာကြိုးစားရဦးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဘယ်စီးပွားရေးလုပ်ငန်းကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်မယ်ဆိုတာ ရွေးချယ်မှုက အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးရဲ့ဘဏ္ဍာရေးအသုံးဆိုင်ရာဥပဒေကြမ်းကို ရှင်းလင်းတင်ပြချက်မှာ ဝန်ဆောင်မှုကဏ္ဍကြီးနှင့်ပတ်သက်လို့ ပါဝင်မှုအချိုးအစားကို ၄၀.၈၃ ရာခိုင်နှုန်းဖြစ်ပေါ်ရန် မျှော်မှန်းထားကြောင်း သိရှိရပါတယ်။ ဒီဝန်ဆောင်မှုကဏ္ဍကြီးမှာမှ ဟိုတယ်နှင့်ခရီးသွားလာရေးနှင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းငယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကိုလည်း ရည်မှန်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကလည်းလွှတ်တော်ကိုယ်စားလှယ်တော်တော်များများဆွေးနွေးသွားပါပြီ။ ဒီဝန်ဆောင်မှုအောက်မှာရှိတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတွေရဲ့အားသာချက်၊ ကျွန်တော်တို့တိုင်းပြည်မှာရှိနေတဲ့ ပကတိအခြေအနေက အခွင့်အလမ်းကောင်းတွေဖြစ်ပေါ်နေတာကို ကျနော်တဲ့ကိုယ်စားလှယ်တွေအားလုံးလည်း ဆွေးနွေးပြီးသွားပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့ခရီးသွားလုပ်ငန်းနဲ့ သဘာဝပေးထားတဲ့တောတောင်ရေမြေအမွေအနှစ်တွေ၊ သမိုင်းအမွေအနှစ်တွေဟာ လုပ်ယူစရာမလိုတဲ့ သယံဇာတတွေဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Eco-Tourism)၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(Community Base Tourism) လုပ်ငန်းတွေဟာ ကျွန်တော်တို့ဆီမှာရှိတဲ့၊ လုပ်ယူစရာမလိုတဲ့အရင်းအမြစ်တွေကိုအခြေခံပြီး ပြည်တွင်းပြည်ပခရီးသွားတွေကို ဆွဲဆောင်ဝန်ဆောင်မှုပေးရတာဖြစ်လို့ အရင်းအနှီးများစွာစိုက်ထုတ်စရာမလိုဘဲ အကျိုးအမြတ်များများရရှိနိုင်မယ့် လုပ်ငန်းတစ်ခုဖြစ်တာမို့ ဒီလုပ်ငန်းအပေါ်မှာအလေးထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အားစိုက်ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ စတဲ့ကဏ္ဍကြီးတွေ ဖွံ့ဖြိုးဖို့အားယူနေတဲ့အချိန်မှာ ဝန်ဆောင်မှုကဏ္ဍကြီးအောက်မှာရှိတဲ့ ခရီးသွားလာရေးလုပ်ငန်းက စတင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ပြည်တွင်းပြည်ပခရီးသွားတွေနဲ့ပတ်သက်တဲ့အကန့်အသတ်တွေဖြစ်တဲ့ ဥပဒေတွေကိုဖြေလျှော့ခြင်း၊ ခရီးသွားလုပ်ငန်းများအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ကင်းလွတ်ခွင့်များပေးခြင်း၊ နိုင်ငံတော်ကဦးဆောင်ပြီး ဖော်ထုတ်ကြော်ငြာပေးခြင်းတို့ကို ပြုလုပ်ပေးသင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူမသိသေးတဲ့ သဘာဝတောတောင်ရေမြေရှုခင်းကောင်းမွန်လှတဲ့နေရာတွေများစွာရှိပါသေးတယ်။ ဒါတွေကို နိုင်ငံတော်အနေနဲ့ဖော်ထုတ်ပေးသင့်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ရွှေကျင်မြို့နယ်မှာဆိုရင် သီတင်းကျွတ်မီးမျှောပွဲက မြန်မာမှာသာမက ကမ္ဘာမှာလည်းကျော်ကြားပါတယ်။ နှစ်စဉ်နှစ်တိုင်း စည်စည်ကားကား ကျင်းပပါတယ်။ ဒေသခံတွေကပဲကိုယ်ထူကိုယ်ထကျင်းပပါတယ်။ နိုင်ငံတော်ရဲ့ပံ့ပိုးမှုတစ်စုံတစ်ရာ မရပါဘူး။ ပံ့ပိုးမှုသာရခဲ့မယ်ဆိုရင် ဒေသခံတွေရဲ့လူမှုစီးပွားဘဝပိုမိုတိုးတက်ပြီးတဲ့အပြင်ကို နိုင်ငံအနေနဲ့လည်း နိုင်ငံခြားဝင်ငွေရရှိနိုင်မယ့်အလားအလာတွေရှိပါတယ်။ ဒါပေမဲ့ နိုင်ငံခြားသား ညအိပ်ညနေနေခွင့်မရှိတဲ့အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ အဟန့်အတားတစ်ခုဖြစ်နေပါတယ်။ ဒါတွေကိုလည်း ပြင်ဆင်သုံးသပ်ဖြေလျှော့ဖို့အချိန်တန်ပြီလို့ တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အဓိကလုပ်ဆောင်ရမယ့် စက်မှုကဏ္ဍကြီး၊ လယ်ယာကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့အထဲကမှ ခုနက လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ဆွေးနွေးသွားတဲ့အထဲမှာပါတဲ့ အားသာချက်တွေအင်မတန်အလားအလာ

ကောင်းတဲ့ဝန်ဆောင်မှုကဏ္ဍကြီးအောက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ပြီးတော့မှ Community Base Tourism ဒီလုပ်ငန်းတွေဟာ အရင်းအနှီးများစွာမလိုဘဲ နိုင်ငံခြားဝင်ငွေရရှိဖို့အတွက်ကို ရရှိနိုင်တာမို့လို့ အလေးထားဆောင်ရွက်ပေးဖို့သင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့အစည်းအဝေးမှာ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး မေးမြန်းထားတဲ့ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီးတော့ အဆိုရှင်ကို ဦးစွာကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီအဆိုအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ကောင်းမွန်တဲ့ အကြံပြုဆွေးနွေးချက်များကလည်း အင်မတန်မှတ်သားဖွယ်ရာကောင်းပါတယ်။ ဒါကြောင့်မို့လို့ မြန်မာ့ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုအခြေအနေနဲ့ ရှေ့မျှော်မှန်းဆောင်ရွက်နိုင်မှု အခြေအနေတွေကို အခြေခံပြီးတော့ ပြန်လည်ရှင်းလင်းဆွေးနွေးပါ့မယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်ရရှိရေးကို အထောက်အကူပြုမယ့် ရပ်/ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(Community Basic Tourism)ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကျေးရွာလူထုရဲ့ သဘောတူညီစွာပါဝင်ပူးပေါင်းမှုနဲ့ ခရီးလှည့်လည်ရေးလုပ်ငန်းများရဲ့ ပံ့ပိုးမှုကိုရယူပြီးတော့ Successful One Tour Operator Sponsor One CBT ဆိုတဲ့ မူဝါဒများချမှတ်ပြီး လိုက်နာဆောင်ရွက်ရမယ့် အခြေခံအချက်များ ဖော်ထုတ်သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အချိန်အခါမှာ ကချင်၊ ချင်း၊ ကယား၊ ရှမ်း၊ ကရင်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနဲ့ ရန်ကုန်တိုင်းဒေသကြီးများမှာရှိတဲ့ ကျေးရွာ ၃၇ ရွာကို CBT Site ၁၅ ခုအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ပြီး အလားအလာရှိတဲ့ CBT Site များအဖြစ် မန္တလေး၊ ရှမ်း၊ စစ်ကိုင်းနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာကိုးရွာကို CBT Site ခြောက်ခုအဖြစ် ဖော်ထုတ်ပြီးတော့မှ လုပ်ငန်းအကောင်အဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီးတော့မှ အနာဂတ်မှာလည်း ဒီလိုပဲ ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိစေမယ့် CBT လုပ်ငန်းများကိုရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စပ်လျဉ်းပြီးတော့မှ နည်းစနစ်ကျတဲ့ Eco-Tourism ကို သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း

ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ယင်းလုပ်ငန်းစနစ်တကျဆောင်ရွက်နိုင်ရေးအတွက် နီပေါနိုင်ငံမှာအခြေစိုက်တဲ့ ICIMOD (International Center for Integrate Mountain Development)နဲ့ ပူးပေါင်းပြီးတော့မှ Myanmar Eco-Tourism Policy and Management Strategy 2015, 2025 ကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်ပါတယ်။ ယင်းမူဝါဒများကိုလက်ကိုင်ထားပြီး သဘာဝအမွေအနှစ်ကောင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများနဲ့ ဘာသာရေးဆိုင်ရာအမွေအနှစ်များပါဝင်နေတဲ့ အမျိုးသားဥယျာဉ်နဲ့ ဘေးမဲ့တောများကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်စခန်းများကိုလည်းကောင်း စုစုပေါင်း သဘာဝအခြေခံခရီးသွားစခန်းများ(Eco-Tourism Site) ၂၁ ခုကို သတ်မှတ်ကြော်ငြာပြီးဖြစ်ပါတယ်။ အထူးခရီးသွားနေ့ကျင်းပခြင်းဟာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုတဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ သို့ရာတွင် ယခင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက် နိုင်ငံရေး၊ စီးပွားရေးအခက်အခဲများရှိတဲ့အခြေအနေမှာ ၁၉၉၆ ခုနှစ် မြန်မာ့ခရီးသွားနှစ်ကို လုပ်ဆောင်ဆောင်ရွက်ခဲ့ပါတယ်။ ပွဲတော်ဖွင့်ပွဲကာလမှာ ဒေသတွင်းနိုင်ငံများကို ဖိတ်ခေါ်ဆောင်ရွက်ပြီးတော့မှ အထိုက်အလျောက်အောင်မြင်မှုရရှိခဲ့ပေမဲ့လို့ အဲဒီကာလရဲ့နောက်ပိုင်းမှာ လုံခြုံရေးဖြစ်စဉ်တွေပေါ်ပေါက်ခဲ့တယ်။ ဒေသတွင်းငွေကြေးမတည်ငြိမ်မှု နဲ့စီးပွားရေးကျဆင်းခဲ့တယ်။ ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကြောင့် ဧည့်သည်ဝင်ရောက်မှု တိုးတက်လာခဲ့ခြင်းမရှိခဲ့ကြောင်း တွေ့ရပါတယ်။ ယခုမျက်မှောက်ခေတ်ကာလ အချိန်အခါမှာ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကြောင့် ခရီးသွားလာတဲ့လုပ်ငန်းကဏ္ဍမှာ တိုးတက်မှုအရှိန်အဟုန်မြင့်မားလျက်ရှိပါတယ်။

သို့ရာတွင် ကျွန်တော်တို့ ခရီးသွားနှစ်ကိုကျင်းပမယ်ဆိုပါလို့ရှိရင် အောက်ဖော်ပြပါအချက်အလက်များကို စဉ်းစားရမှာဖြစ်ပါတယ်။ (က) ခရီးစဉ်ဒေသအလိုက် နယ်မြေအေးချမ်းသာယာမှု၊ (ခ) လုပ်ငန်းပမာဏအရ လိုအပ်သည့်ဘဏ္ဍာငွေစုဆောင်းရရှိနိုင်မှု၊ (ဂ) ဧည့်သည်များ ခရီးစဉ်ဒေသအသီးသီးသို့ အဆင်ပြေလွယ်ကူစွာသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ (ဃ) ခရီးသွားဧည့်သည်များရဲ့ ဝင်/ထွက်မှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းကန့်သတ်ချက်များအပေါ် ဖြေလျှော့ပေးနိုင်မှု၊ ဥပမာ-ဗီဇာအလွယ်တကူရရှိရေး၊ (င) ဝင်ရောက်လာကြမည့် ပြည်ပဧည့်သည်များအတွက် ထူးခြားသောသက်သာခွင့်များ ဆောင်ရွက်ပေးနိုင်မှု၊ (စ) ဒေသအလျောက် ပျော်ပွဲ၊ ရွှင်ပွဲနှင့် အခမ်းအနားများ လအလိုက် တိကျစွာစီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ (ဆ) မကျင်းပမီကပင် ကျယ်ပြန့်စွာ မြှင့်တင်ကြေညာခြင်းများ၊ အချိန်ယူကြိုတင်၍ စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ ဥပမာ-အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ မိမိတို့နိုင်ငံရဲ့ ခရီးသွားနှစ်ကျင်းပမည်ဆိုပါက အချိန်ယူကြိုတင်ပြင်ဆင်ပြီးတော့ အာဆီယံအစည်းအဝေးများမှာ တိကျစွာကြိုတင်အသိပေးကြေညာ ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ အဲဒီတော့အဓိကအချက်မှာတော့ နိုင်ငံရဲ့ခရီးစဉ်ဒေသများ တည်ငြိမ်အေးချမ်းမှုအပေါ် အခြေခံပြီးတော့မှ အချိန်၊ ငွေ၊ လုပ်အားသုံးစွဲကုန်ကျမှုဆောင်ရွက်ခြင်းမှ ထိုက်သင့်တဲ့အကျိုးရလဒ်ရရှိရေးအတွက် စနစ်တကျစီမံချက်များချမှတ်ပြီး ထိရောက်အောင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရတဲ့အတွက် လောလောဆယ်ဆယ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မလုပ်ဆောင်နိုင်သေးပေမဲ့လို့လည်း အထက်မှာတင်ပြခဲ့သလို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လက်ရှိကျင်းပနေကျပွဲတော်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း ယင်းပွဲတော်များကို ကမ္ဘာလှည့်ခရီးသည်များဆွဲဆောင်မှု

ပွဲတော်များအသွင်ပေါ်ပေါက်စေရေး ချိတ်ဆက်မြှင့်တင်၍ တစ်နှစ်ပတ်လုံး စီမံကျင်းပခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းစဉ်များကို မိမိတို့အနေနဲ့ အချိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိတဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း သတိပြုစောင့်ကြည့်ပေးနိုင်ပါရန်နှင့် အဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ရဲ့အဆိုကို ထောက်ခံ၊ ဘက်စုံကနေပြီးတော့ အကြံပြုဆွေးနွေးထောက်ခံသွားကြတဲ့ ကိုယ်စားလှယ်များအားလုံးကို အထူးပဲကျေးဇူးတင်ကြောင်း ပထမဦးစွာပြောလိုပါတယ်။ ဒုတိယ အချက်ကတော့ ပြည်ထောင်စုဝန်ကြီးရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မည့်အစီ အစဉ်တွေကို ပြည့်ပြည့်စုံစုံရှင်းပြတဲ့အတွက်လည်း အလွန်ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားငွေရရှိရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဒေသအလိုက်အလုပ်အကိုင်ရရှိရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် အင်မတန်မှအရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနည်းနည်းနဲ့ ကျွန်တော်တို့ရဲ့ အမွေအနှစ်တွေ၊ သဘာဝအရင်းအမြစ်တွေကြောင့် ခရီးသွားလုပ်ငန်းဟာ အလွန်အခွင့်အလမ်း ကောင်းရှိတဲ့ အမွေအနှစ်တွေရှိနေတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက် နိုင်မယ်ဆိုလို့ရှိရင် စနစ်တကျစီမံခန့်ခွဲနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ခရီးသွားလုပ်ငန်းကရမည့် ဝင်ငွေဟာ မီးခိုးမထွက်တဲ့စက်ရုံများမှရတဲ့ဝင်ငွေဟာ ကျွန်တော်တို့ရဲ့ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ကြီးစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ထောက်ခံ၊ ဘက်စုံက စေတနာနှင့်ဆွေးနွေးသွားတဲ့ဟာတွေကို နမူနာယူပြီးတော့ ပြည်ထောင်စုအစိုးရက လေးလေးနက်နက် ထားပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာန အဓိကဝန်ကြီးဌာနတစ်ခု တည်းနှင့်မပြီးပါဘူး။ ဆက်စပ်တဲ့ဝန်ကြီးဌာနတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အလွန်အရေးကြီး အရေးပါပါတယ်။ ဒါကြောင့်မို့လို့ ဆက်စပ်တဲ့ဝန်ကြီးဌာနတွေကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ပြည်သူ့အသံကို နားထောင်ပြီးတော့ ခရီးသွားမြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက် ဖို့လို့ ထပ်မံပြီးတော့တိုက်တွန်းလိုပါတယ်။ နောက်တစ်ခုက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများဟာ ကိုယ့်ဒေသဖွံ့ဖြိုးရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်ကို အင်မတန်အရေးပါတဲ့ ဒီလုပ်ငန်းစဉ်မှာ ပူးပေါင်းပါဝင်ပြီးတော့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ အလွန်ပဲအရေးကြီးကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဘာပဲလုပ်လုပ် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက်လုပ်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုဟာ အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ကျွန်တော်တို့ အကြံပြုသွားကြသလိုပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီးတော့ ကျွန်တော်တို့ရဲ့ SME တွေကို လည်းဖွံ့ဖြိုးအောင် ခရီးသွားလုပ်ငန်းအတွက်ကို မြှင့်တင်ဆောင်ရွက်ဖို့

အထူးပဲလိုအပ်ပါတယ်။ ဒီ့အပြင် ကျွန်တော်တို့လုပ်မှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဒေသမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီးတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ပြီးတော့ ခရီးသွားလာရေးအတွက် မြှင့်တင်ရေးအတွက်ကို အထူးဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ခရီးသွားလုပ်ငန်းဟာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခြင်းမရှိသေးတာဟာ ကျွန်တော် တို့ရဲ့ချို့ယွင်းအားနည်းချက်တွေ ရှိနေလို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ၊ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ သေချာလေ့လာပြီးတော့ ပြုပြင်မှုတွေလုပ်ဖို့ လိုအပ်ပါတယ်။ စနစ်တကျစီမံခန့်ခွဲမှုတွေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလတ်တလောအနေနဲ့ ဒီအဆိုကို အတည်မပြုနိုင်သေးသော်ငြားလည်း အဆိုရဲ့တိုက်တွန်းချက်တွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးအကြံပြုချက်တွေကို အလေးအနက်ထားပြီးတော့ အကောင်အထည်ဖော်ပေးဖို့တင်ပြရင်းနဲ့ ဒီအဆိုကို မှတ်တမ်းတင်ရုံတင်မကဘဲနဲ့ ပြည်သူ့လွှတ်တော်ကြီးကနေပြီးတော့ စောင့်ကြည့်ပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၄၀ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၄.၇.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Sai Sem



U Win Maw Tun

pyithu.hluttaw.mm



Dr Kyi Moh Moh Lwin



U Win Maw Tun

pyithu.hluttaw.mm



U Win Maw Tun



U Nyan Hein

pyithu.hluttaw.mm



U Win Maw Tun



U Khon Than Htoo

pyithu.hluttaw.mm



Daw Ni Shwe Lyan



U Win Maw Tun

pyithu.hluttaw.mm



Dr Sein Mya Aye



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်